# Voice of Burma

*Published by Voice of Burma Information GroupIssue No. 740, DECEMBER 13, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

## ဒေါ်အောင်ဆန်းစုကြည်ဂုဏ်သိက္ခာကို လေးစားကြောင်း သမတအိုဘားမားပြောဆို

**VOA ၊ ဒီဇင်ဘာ ၁၀ ။ ။** ဒေါ်အောင်ဆန်းစုကြည်တို့လို ပြုပြင်ရေးသမားတွေရဲ့ အေးဆေးတည်ငြိမ်သော ဂုဏ်သိက္ခာတွေကို အမေရိကန်ပြည်ထောင်စုအနေနဲ့ တလေးတစားနဲ့စောင့်ကြည့်သွားရမှာဖြစ်တယ်လို့ အမေရိကန်သမတ Barack Obama က ဒီကနေ့ပြောကြားတဲ့ နိုဘယ်လ်ငြိမ်းချမ်းရေးဆုလက်ခံတဲ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားပါတယ်။ အမေရိကန်သမတဟာ နိုဘယ်လ်ငြိမ်းချမ်းရေးဆုကို နော်ဝေနိုင်ငံ၊ အော်စလိုမြို့တော်မှာ တရားဝင်လက်ခံခဲ့တာဖြစ်ပါတယ်။

သမတအိုဘားမားဟာ ကမ္ဘာ့နိုင်ငံတွေစစ်ဖြစ်ပွားရတဲ့အခြေအနေ၊ ငြိမ်းချမ်းရေးအမြန်ဖော်ဆောင်ဖို့ လိုအပ်တဲ့အခြေအနေတွေအကြောင်း အကျယ်တဝန့် ပြောကြားခဲ့ပါတယ်။ သမတအိုဘားမားဟာ ဒီငြိမ်းချမ်းရေးဆုကို ကျိုးနွံစွာလက်ခံရတာဖြစ်တဲ့အကြောင်း၊ နိုဘ်ဘယ်ကော်မတီက ဒီဆုကိုချီးမြှင့်ဖို့ရွေးချယ်ခဲ့တာနဲ့ပတ်သက်လို့ အပြင်းပွားမှုတွေရှိနေတယ်ဆိုတာ သိရှိတဲ့အကြောင်း စတင်ပြောကြားခဲ့ပါတယ်။

"တစိတ်တဒေသအားဖြင့်တော့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ကျနော့လုပ်ရပ်တွေရဲ့ အစပိုင်းသာရှိသေးပြီး ဆုံးခန်းမတိုင်သေးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ အရင်က ဒီဆုကိုလက်ခံရရှိခဲ့ကြတဲ့ Schweitzer တို့၊ King တို့ Mar shal တို့၊ Mandela တို့ရဲ့စွမ်းဆောင်မှုတွေနဲ့စာရင် ကျနော့ ရဲ့စွမ်းဆောင်မှုတွေက မပြောပလောက်ပါဘူး။"

ဒ့ါအပြင် ပိုအရေးကြီးတဲ့ကိစ္စတခုက သူဟာ စစ်ပွဲနှစ်ခုအကြား ပိတ်မိနေတယ်ဆိုတဲ့အချက်ပါဘဲလို့လည်း ဆက်ပြီးပြောကြားပါတယ်။

"ကျနော်တို့ဟာ စစ်ပွဲနဲ့ရင်ဆိုင်နေရပါတယ်။ အမေရိကန်လူငယ်ထောင် ပေါင်းများစွာကို အလှမ်းကွာဝေးလှတဲ့စစ်မြေပြင်တွေဆီ ပို့ပေးရတဲ့အတွက် ကျနော့မှာတာဝန်ရှိပါတယ်။ သူတို့အထဲက တချို့ဟာ လူသတ်ရပါလိမ့်မယ်။ တချို့ဟာ အသတ်ခံရပါလိမ့်မယ်။ စစ်နဲ့ငြိမ်းချမ်းရေးဆက်နွယ်မှု၊ စစ်ပွဲကိုငြိမ်းချမ်းရေးနဲ့ဘယ်လိုအစားထိုးကြမယ်ဆိုတဲ့ ခက်ခဲတဲ့ပြဿနာတွေရှိနေတယ်ဆိုတာကို နားလည်သဘောပေါက်ထားပါတယ်။"

သမတအိုဘားမားကဆက်လက်ပြီး ကိုယ့်လူမျိုးအချင်းချင်း လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်နေကြတာကိုလည်း ပြောပါတယ်။ စစ်ရေးပဋိပက္ခမရှိဘူးဆိုတာထက် ငြိမ်းချမ်းရေးဆိုတာ တည်ရှိနေဖို့ကပိုအရေးကြီးတယ်လို့ ဆိုပါတယ်။

"ကျနော်တို့ဟာကမ္ဘာပေါ်ကနိုင်ငံတွေအကြား ထူးခြားတဲ့ယဉ်ကျေးမှုတွေ၊ ထုံးတမ်းအစဉ်အလာတွေရှိနေတယ်။ တနိုင်နဲ့တနိုင်ငံ မတူညီဘူးဆိုတာကို ကျ နော်တို့နားလည်သဘောပေါက်ပေမယ့် အမေရိကန်ပြည်ထောင်စုဟာ လူသားတ ရပ်လုံးရဲ့ရည်မှန်းချက်တွေကိုတော့ ဖော်ထုတ်ပြောကြားသွားမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့လို ပြုပြင်ရေးသမားတွေရဲ့ အေးဆေးတည်ငြိမ်တဲ့ဂုဏ်သိက္ခာကို ကျနော်တို့ကအလေးထားပြီး ဖော်ထုတ်သွားမှာပါ။ ရိုက်နှက်ခံရမယ့်အန္တရာယ်ကြားက မဲပေးရဲကြတဲ့ ဇင်ဘာဘွေပြည်သူတွေရဲ့ သတ္တိ၊ ငြိမ်သက်စွာလမ်းပေါ်ထွက်ပြီး ဆန္ဒပြရဲကြတဲ့ သိန်းပေါင်းများစွာသော အီရန်ပြည်သူတွေကိုလည်း အလား တူလေးစားစွာ ဖော်ထုတ်ရမှာပါ။"

၂၀၀၉ ခုနှစ်၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရွေးချယ်ခဲ့တာနဲ့ပတ်သက်ပြီး နို ဘယ်လ်ကော်မတီက သမတအိုဘားမားရဲ့ နိုင်ငံတကာသံတမန်ဆက်ဆံရေးနဲ့ပူး ပေါင်းဆောင်ရွက်မှုကို ပိုပြီး ခိုင်မာအောင် အားပေးရတာဖြစ်ကြောင်း၊ သမတအို ဘာမားဟာ ကမ္ဘာ့ပြည်သူတွေအတွက် မျှော်လင့်ချက်ရောင်ခြည် ပါးလိုက်တာဘဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ☆☆☆

## ဒေါ်စုလွတ်မြောက်ရေးထောက်ခံအားပေး

**NEJ ၊ ဒီဇင်ဘာ ၉ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ထောက်ခံအားပေးသည့်အနေဖြင့် Facebook အဖွဲ့ဝင် တို့ရဲ့ ကိုယ်ရေးဓာတ်ပုံအစား ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံဖြင့် ဒီဇင်ဘာ ၁၀ ရက်နေ့မနက်ဖြန်တွင် အလိုအလျောက် အစားထိုး ပေးမည်ဖြစ်၍ ပါဝင်ဆင်နွှဲကြရန် အမေရိကန်ကားကုမ္ပဏီ chrysler က ၎င်းတို့ရဲ့ဝက်ဘ်ဆိုက်စာမျက်နှာများတွင် ကြေညာထားပါတယ်။

"လွတ်လပ်ခြင်းအတွက် Facebook စာမျက်နှာတွင် သင့်မျက်မှာဖြင့်တ ဖက်တလမ်းမှ ပါဝင်ဆင်နွှဲကြရန်" တိုက်တွန်းထားပြီး ပါဝင်လိုသူတိုင်း၏ ကိုယ်ရေးဓာတ်ပုံအား ဒေါ်အောင်ဆန်းစုကြည်အ

**စာမျက်နှာ ၈ သို့**

**နအဖသတင်းစာပါ ဆောင်းပါးဖော်ပြချက်အပေါ် ဦးဝင်းတင်ရဲ့ တုန့်ပြန်ပြောဆိုချက်** — **စာမျက်နှာ ၃**

**ကမ္ဘာ့ ဥတုရာသီ ပြောင်းလဲခြင်းဆိုင်ရာ ညီလာခံအပေါ် သုံးသပ်ချက်** — **စာမျက်နှာ ၅**

**ဗိုလ်ချုပ်ရွှေမန်းသား တိုးနိုင်မန်း ဝိုင်ဖိုင်အင်တာနက်လုပ်ငန်းလုပ်ခွင့်ရရှိ** — **စာမျက်နှာ ၇**

**၀ ပြည်သွေးစည်းညီညွတ်ရေး ပါတီက အချက် ၉ ချက် တောင်းဆို** — **စာမျက်နှာ ၁၃**

**၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ရန် ဒဗလျူ အယ်လ်ဘီက စည်းရုံးမည်** — **စာမျက်နှာ ၁၆**

VOB အာဘော်

# နအဖ၏နိုင်ငံရေးကစားကွက်သတိ

မြန်မာစစ်အာဏာပိုင်များ၏ကိုယ်စားလှယ် ဝန်ကြီးဦးအောင်ကြည်သည် ကြိုတင်ထုတ်ပြန်ကြေညာခြင်းမပြုပဲ မတရားထိန်းသိမ်းခံဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုပြုခဲ့သည်။ မည်သည့်အကြောင်းအရာများကို ဆွေးနွေးသည်ကို အတိအကျမသိရသေးသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြစ်ဒဏ်ခတ်အရေးယူမှုကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဟုယူဆကြောင်း ထုတ်ဖော်ပြောဆိုသည်။

နအဖ စစ်အာဏာပိုင်များအတွက် စီးပွားရေးနှင့်ငွေကြေးအရပြစ်ဒဏ်ခတ်အရေးယူမှုများ ရုပ်သိမ်းရေးနှင့် ၂၀၁၀ ရွေးကောက်ပွဲသည် အရေးအကြီးဆုံးကိစ္စဖြစ် ပေသည်။ ပြစ်ဒဏ်ခတ်အရေးယူမှုများရုပ်သိမ်းမှ စစ်အာဏာရှင်များနှင့် ၎င်းတို့၏မိသားစုဝင်များ၏ ငွေကြေးနှင့်ပိုင်ဆိုင်မှုများ ထိန်းချုပ်ကန့်သတ်ခံနေရနေမှုမှ လွတ်မြောက်မည်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှ အာဏာဆက်လက်ချုပ်ကိုင်ရေး၊ နိုင်ငံတကာ၏အသိအမှတ်ပြုမှုရရှိရေးများကို အောင်မြင်စွာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုအချက်နှစ်ချက်ကို အောင်မြင်စွာလုပ်ဆောင်နိုင်လျှင် နအဖ စစ်အာဏာရှင်များသည် ၎င်းတို့ရင်ဆိုင်နေရသည့် နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းများလွန်မြောက်မည်ဟု ယုံကြည်ထားသည်။

ထိုသို့တွေ့ဆုံမှုနှင့် တချိန်တည်းလိုလိုတွင် နအဖ သတင်းစာက ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းမှုများတွင် ရိုးသားမှုမရှိ၊ ဖြစ်သမျှအရာတွေအတွက် နအဖ တွင်သာ အပြစ်ရှိသည့်သဘောရောက်စေသည်ဟု ရေးသားသည်။ ဤသို့လုပ်ရပ်မှာ နအဖနှင့်တွေ့ဆုံစကား ပြောဆိုမှုများ၌ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဆွေးနွေးမှုများပြုရာတွင် အားနည်းသွားစေရန်လုပ်ဆောင်သည့် ထိုးနှက်ချက်တခုဖြစ်သည်။

နအဖ သည် ၎င်းအား နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ဝေဖန်မှုနှင့်ထိုးနှက်မှုများ မြင့်တက်လာသောအခါမျိုးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစကားပြောခြင်း၊ အဲန်အဲလ်ဒီအပါအဝင် ဒီမိုကရေစီအင်အားစုများအပေါ် တင်းမာသည့်ဆက်ဆံရေးကိုလျှော့ချခြင်းများ ပြုလုပ်သည်။ ၎င်းတို့အလိုရှိသောအရာ ၎င်းတို့ရင်ဆိုင်ရမည့်အခက်အခဲများကို ရှောင်လွှဲနိုင်ရေးအတွက် ဆွေးနွေးမှုများကို ပြုလုပ်လေ့ရှိသည်။ မြန်မာပြည်သူလူထုအကျိုးစီးပွားနှင့်နိုင်ငံ၏အနာဂတ် အရေးထက် ၎င်းတို့၏အကျိုးစီးပွားနှင့် ၎င်းတို့အနာဂတ်အတွက် ဦးတည်လုပ်ဆောင်သောလုပ်ရပ်များဖြစ်သည်။

လတ်တလောအခြေအနေတွင် နအဖ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတကာအစည်းအဝေးများတက်နေချိန်ဖြစ်ပြီး၊ တရုတ်ဒုတိယသမတလည်း မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများသို့ ခရီးသွားမည့်အချိန်ဖြစ်နေသောကြောင့် နိုင်ငံတကာအလယ် မျက်နှာပန်းလှစေရန် လုပ်ဆောင်ချက်သာဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဟုဆိုသည့်ကိစ္စအတွက် ရိုးသားစစ်မှန်သောလုပ်ဆောင်ချက်မရှိသည်ကို ၎င်းတို့အာဏာချုပ်ကိုင်ထားသောကာလတလျှောက်လုံးတွင် ပြန်ပြောင်းကြည့်လျှင် တွေ့ရှိနိုင်ပေသည်။

အာဏာရှင်နိုင်ငံများတွင် အာဏာရှင်များက တနိုင်ငံလုံး၏အရေးကိစ္စကို တင်းကျပ်စွာချုပ်ကိုင်ထားသည့်အတွက် ပြုပြင်ပြောင်းလဲရေးကိစ္စသော်လည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ကိစ္စကိုသော်လည်းကောင်း ချက်ချင်းလက်ငင်း စတင်လုပ်ဆောင်နိုင်သည့်အနေအထားတွင်ရှိသည်။ ထို့ကြောင့် အတိတ်က မည်သို့ပင်ဖြစ်ခဲ့စေကာမူ အာဏာရှင် နအဖ အနေဖြင့် မိမိအတွက်ရော နိုင်ငံအတွက်ပါ အကျိုးရှိမည့် စစ်မှန်သည့် ပြုပြင်ပြောင်းလဲရေးကို ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် ရိုးသားစွာလက်တွဲဖော်ဆောင်သည့်မူဝါဒကို ပြောင်းလဲကျင့်သုံးရန် တိုက်တွန်းလိုက်ရပေသည်။

---

# ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် မှတ်ပုံတင် စာရင်းကောက်

**DVB ၊ ဒီဇင်ဘာ ၉ ။** ။ ထိုင်းရောက် မြန်မာနိုင်ငံသားတွေရဲ့ သားသမီးတွေကို ထိုင်းအစိုးရက မှတ်ပုံတင်စာရင်းသွင်းပေးနေပါတယ်။ စာရင်းသွင်းနိုင်ဖို့အတွက် မိဘက ထိုင်းနိုင်ငံမှာ အလုပ်လုပ်ခွင့်လက်မှတ် (ဘတ်) ဒါမှမဟုတ် ထောရော် (၃၈/၁) ခေါ်တဲ့ နေထိုင်ခွင့်လက်မှတ်ပုံစံရှိရမှာဖြစ်ပါတယ်။

အဲဒီလက်မှတ်တွေနဲ့အတူ ကလေးတွေခေါ်ဆောင်ပြီး ရုံးကိုသွားတဲ့အခါမှာ ကတ်အတွက်နဲ့ နေထိုင်ခွင့်အတွက် ပေးရမယ့် ဘတ်ငွေ ၈၀ နဲ့အတူ နှစ်လက်မပတ်လည် ဓာတ်ပုံနှစ်ပုံကို ယူဆောင်သွားရမှာဖြစ်ပါတယ်။ ကလေးတွေ မှတ်ပုံတင်ဖို့အတွက် ထော်သော် ၁ အဆင့်ကို ဒီလ ၁၈ ရက် နေ့အထိ ရုံးတွေက နောက်ဆုံးထား လက်ခံမှာဖြစ်ပြီး ကျန်လုပ်ဆောင်ချက်တွေကို ဒီလ ၂၈ ရက်အထိ ဆက်လုပ်ပေးမှာလို့ဆိုပါတယ်။ အဲဒီမှာ စာရင်းပေးသွင်းပြီးရင် ရုံးက စစ်ဆေးအတည်ပြုပြီးတဲ့နောက် ဂဏန်း ၁၃ လုံးနဲ့အတူ ကလေးကိုယ်ရေးမှတ်တမ်းပုံစံဖြည့်၊ လက်ဗွေနှိပ်၊ ဓာတ်ပုံရိုက်နဲ့ နေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း အဆင့်လိုက်လုပ်မှာဖြစ်ပါတယ်။ နောက်ဆုံး သတ်မှတ်ထားသလို ချလန်စာရွက်ပေးလိုက်မှာဖြစ်ပါတယ်။ ဒီအကြောင်းကို ဘန်ကောက်မြို့က မြန်မာအလုပ်သမားတဦးက သူ့သားနှစ်ယောက်ကို ဒီနေ့ပဲ စာရင်းသွင်းလာခဲ့ပြီး ချလန်စာရွက်ထုတ်ပေးတာ လက်ခံရရှိတယ်လို့ပြောပါတယ်။

“ဓာတ်ပုံ နှစ်ပုံရိုက်ရတယ်။ စာရွက်မှာ သူတို့အမည်၊ သူတို့ မိဘအမည်ပါတယ်။ ကိုယ်ပိုင်နံပါတ်တွေ ထည့်ပြီးတော့ ရုံးမှာ သွားတင်ရတယ်။ ကျနော်တို့လိုပဲ ဒီကလေးတွေက အခုကတ်ပြားအမာပြန်ထွက်မယ်။ ကျနော်တို့ ဒီနေ့သွားတာ အများကြီးပဲ။ အသက်မပြည့်တဲ့ ကလေးတွေလည်းပါတယ်။ တချို့က အဖေမှတ်ပုံတင်နံပါတ် မပါဘူး။ တချို့က အမေမှတ်ပုံတင် နံပါတ်မပါဘူး။ အဲဒီလိုမျိုးတွေကျတော့ မလုပ်ပေးဘူး။”

အဲ့ဒီအလုပ်သမားက သူ့မှာ ၆ နှစ်နဲ့ ၁၀ အရွယ် သားနှစ်ယောက်ရှိပေမယ့်တယောက်မှ ကျောင်းမတက်ရသေးတဲ့အကြောင်းနဲ့ ဒီလို တရားဝင်စာရင်းပေါက်သွားတဲ့အတွက် ကျောင်းတက်နိုင်တော့မှာ ဖြစ်တဲ့အကြောင်း ပြောပါတယ်။ မြန်မာနယ်စပ်မှာရှိပြီး မြန်မာအများအပြား ဝင်ရောက်အလုပ်လုပ်ကိုင်နေတဲ့ မဲဆောက်မြို့မှာလည်း ဒီအစီအစဉ်စတင်နေတယ်လို့သိရပါတယ်။ မဲဆောက်မြို့က မြန်မာအလုပ်သမားတဦးက...

“အဖေရော၊ အမေရော အလုပ်သမားလက်မှတ် သို့မဟုတ် နေထိုင်ခွင့်ရှိရမယ်ဆိုတော့ လူတိုင်းအတွက် အစဉ်မပြေဘူး။ တချို့က မရှိကြဘူး။” လို့ပြောပါတယ်။ ဒီမှတ်ပုံတင်မှုကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရုံးနဲ့ မြို့နယ်ရုံးနှစ်နေရာမှာ လုပ်ပေးနေတာလို့ အလုပ်သမားအဖွဲ့တွေက ပြောပါတယ်။ မဲဆောက်မြို့အခြေစိုက် မြန်မာအလုပ်သမားတွေရဲ့ အခက်အခဲတွေကို ကူညီဖြေ

**စာမျက်နှာ ၅ သို့**

# နအဖသတင်းစာပါ ဆောင်းပါးဖော်ပြချက်အပေါ် ဦးဝင်းတင်ရဲ့တုန့်ပြန်ပြောဆိုချက်

**NEJ၊ ဒီဇင်ဘာ ၉ ။** ။ ယနေ့ထုတ် နအဖ အစိုးရသတင်းစာများတွင်ပါရှိသော ဆောင်းပါးရှင် ချမ်းမြေအေးရဲ့ စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင် ဆိုတဲ့ဆောင်းပါးမှာ ရေးသားဖော်ပြချက်များသည် ဗိုလ်ချုပ်မှူးကြီးရဲ့သဘောထားဖြစ်တယ်လို့မယူဆကြောင်း အဲန်အယ်လ်ဒီပါတီဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်ကတုန့်ပြန်ပြောဆိုလိုက်ပါတယ်။

အဆိုပါဆောင်းပါးတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်မှူးကြီးထံပေးစာကို ပြည်ပမီဒီယာများနဲ့ပေါင်းကာ ကြိုးပွခဲ့တယ်လို့ ရေးသားထားပါတယ်။

"ဒီဆောင်းပါးတွေဟာ အစိုးရရဲ့သဘောထားကို ထင်ဟပ်တယ်ဆိုပေမယ့် ဒီဆောင်းပါးဟာ ဗိုလ်ချုပ်မှူးကြီးရဲ့သဘောထားဖြစ်တယ်လို့ မယူဆဘူး။ ဆောင်းပါးရှင်ဟာ ကြားခံအဆင့်နဲ့ ရေးသားနေသူသာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်မှူးကြီးဆီကို တိုက်ရိုက်တင်ပြထားတာဖြစ်တယ်။ ဒါကြောင့် ဗိုလ်ချုပ်မှူးကြီးဆီက တုန့်ပြန်မှုရှိလာဦးမယ်လို့ထင်တယ်။ ဆောင်းပါးနိဂုံးမှာလည်း တွေ့ဆုံမှုဖြစ်လာဦးမယ့်သဘော ရေးထားတာလည်းရှိပါတယ်။" လို့ ဦးဝင်းတင်ကသုံးသပ်ပြောဆိုပါတယ်။

အဆိုပါဆောင်းပါးသည် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗိုလ်ချုပ်မှူးကြီးထံပေးစာနှစ်စောင်နဲ့စပ်လျဉ်းပြီး နအဖ စစ်အစိုးရရှုထောင့်မှ သုံးသပ်တင်ပြထားတာဖြစ်ပါတယ်။

"အခုရက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတော်အကြီးအကဲထံ အိတ်ဖွင့်ပေးစာတွေနဲ့ပတ်သက်လို့ ပြည်တွင်းနိုင်ငံရေးအသိုင်းအဝိုင်းနဲ့ ပြည်ပမီဒီယာတွေ ချိတ်ဆက်ပြီး အမျိုးမျိုးဝေဖန်သွေးထိုးရင်း တွန်းပို့နေကြတာတွေ့ရပါတယ်။" လို့ ဆောင်းပါးရှင်ကအစချီပြီးရေးသားထားပါတယ်။ ပေးစာနှစ်စောင်နဲ့စပ်လျဉ်း၍လည်း

"ဒီပေးစာနှစ်စောင်ကိုကြည့်ရင် ရိုးသားမှုမရှိတာတွေ့နိုင်ပါတယ်။ တကယ်တော့ နိုင်ငံတော်အစိုးရကို ရိုးရိုးသားသားချဉ်းကပ်ပြီး ညှိနှိုင်းဖို့ကြိုးစားတာမျိုးသာ ဖြစ်သင့်ပါတယ်။ အခုတော့ မရိုးသားတဲ့သဘော၊ ကိုယ်ကောင်း သူများဆိုးဖြစ်အောင် လုပ်တဲ့သဘောဖြစ်နေပြီး တည်ဆဲအစိုးရရဲ့ Image ပျက်အောင်ရည်ရွယ်လုပ်သလိုမျိုးလို့ဘဲ ကျနော်ခံစားမိပါတယ်။" လို့လည်း ဆောင်းပါးရှင်က မှတ်ချက်ပေးထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီပါတီတို့အနေနဲ့ ပေးစာနှစ်စောင်ပေးပို့ရာတွင် ပထမအကြိမ်က ပါတီကြေညာချက်နဲ့အတူပူးတွဲထုတ်ပြန်ခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင်လည်း အဲန်အယ်လ်ဒီလူငယ်အဖွဲ့က မီဒီယာများသို့တိတ်တဆိတ်ကြိုပြန့်ခဲ့ကြောင်း၊ မီဒီယာများမှတဆင့် တည်ဆဲအစိုးရကို အကျပ်ကိုင်ရန်ဖြစ်ကြောင်း စသဖြင့် ရေးသားထားပါတယ်။

ဆောင်းပါးရှင်က အဆိုပါစာနှစ်စောင်ကိစ္စအပြင် ၂၀၀၇ ခုနှစ်အတွင်း မစ္စတာဂမ်ဘာရီလာရောက်စဉ်က ဂမ်ဘာရီမှတဆင့် စင်ကာပူနိုင်ငံတွင် တဘက်သတ်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီတို့သည် မရိုးသားသည့်သဘောဖြင့် မီဒီယာများကိုအသုံးချကာ လက်ဦးအောင်ဖွနေသည်မှာ ၃ ကြိမ်တိုင်ပြီဖြစ်ကြောင်း ရေးသားထားပါတယ်။

အဆိုပါရေးသားချက်များနဲ့စပ်လျဉ်းပြီး ဦးဝင်းတင်က

"ကျနော်တို့တရားဝင်ရပ်တည်ဆဲဖြစ်တဲ့ ပါတီရဲ့လှုပ်ရှားမှုတွေ၊ အာဘော်တွေနဲ့ပတ်သက်ပြီး ပြည်တွင်းမီဒီယာတွေမှာ ဖော်ပြနိုင်ခွင့်မရှိဘူး။ အဲဒီအခါမှာ ပြည်ပမီဒီယာတွေက ကျနော်တို့ကိုမေးတယ်၊ မြန်းတယ်၊ ဆက်သွယ်တယ်။ ကျနော်တို့ကလည်း မီဒီယာကိုတုန့်ပြန်ရမယ့်ဝတ္တရားရှိသည်နဲ့အညီ ပြောတယ်၊ ဆက်ဆံတယ်။ ဒါကလွဲပြီးကျနော်တို့က မီဒီယာနဲ့ပူလင်းတူဘူးဆို့ လုပ်ခြင်းသော်၎င်း၊ မီဒီယာကိုခိုင်းစားခြင်းမျိုး၊ အသုံးချခြင်းမျိုး လုပ်လို့မရဘူး။ ဒီမိုကရေစီထုံးတမ်းစဉ်လာအရ မီဒီယာဟာ သူ့လုပ်ငန်းသူလုပ်နေကြတာ။ အဲဒါကို သူတို့နားမလည်ဘူး။ သူတို့အကျင့်စရိုက်အတိုင်းဘဲ ထင်နေကြတယ်။" လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ပေးစာနှစ်စောင်အနက် နောက်ဆုံးတစောင်စာလျောင်စွာမီဒီယာသို့ပေါက်ကြားရတဲ့အတွက်မှ စိတ်မကောင်းဖြစ်ရသော်လည်း ပထမအကြိမ်စာမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့သဘောထားဖြင့် လုံလောက်တဲ့အချိန်ပေးပြီးမှ ထုတ်ပြန်ခဲ့ခြင်းသာဖြစ်ကြောင်း ဦးဝင်းတင်ကပြောပါတယ်။

နေအိမ်အကျယ်ချုပ်ကျခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှု ရုပ်သိမ်းပယ်ဖျက်ရေး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ အနောက်နိုင်ငံတချို့မှ သံတမန်များနဲ့တွေ့ဆုံဆွေးနွေးလိုကြောင်း စက်တင်ဘာ ၂၅ ရက်စွဲနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့တဲ့စာတွင် ထည့်သွင်းတောင်းဆိုထားသည်။ အဆိုပါတောင်းဆိုချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ် ဖ/၀၉/၀၉ အဖြစ်ထုတ်ပြန်ခဲ့ပါတယ်။

ဒုတိယပေးစာကို ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နိုဝင်ဘာ ၁၁ ရက်နေ့စွဲဖြင့် တွေ့ဆုံဆွေးနွေးရေးအတွက် ကမ်းလှမ်းပေးပို့ခဲ့သည်။ သို့သော် အဆိုပါဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရေးကိစ္စနောက်ဆက်တွဲဟူသောပေးစာသည် ပြည်ပမီဒီယာများတွင် ပေါက်ကြားခဲ့ခြင်းဖြစ်ပါတယ်။

ထိုစာတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အစိုးရနှင့်ညှိနှိုင်းကာ နိုင်ငံအကျိုးရှိစေမည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖော်ပြထားပြီး သူမပါတီကိစ္စရပ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအလုပ်အမှုဆောင်များနှင့် စုံညီအစည်းအဝေးကို သူမအိမ်တွင်ကျင်းပခွင့်ပြုရန်၊ ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ဆွေးနွေးညှိနှိုင်းပြီးပါက နိုင်ငံအကျိုးရှိစေမည့်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နအဖ အစိုးရဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့လည်း တွေ့ဆုံဆွေးနွေးလိုပါကြောင်း ရေးသားဖော်ပြထားပါတယ်။

---

## မျက်နှာဖုံးမှ

တွက် အရင်လူဒါန်းရမည်ဖြစ်ပြီး ယနေ့အ ထိပါဝင်ဆင်နွဲသူပေါင်း ၁,၁၀၀ ကျော်ရှိပြီဖြစ်ပါတယ်။ ဆင်နွဲလိုသူများအနေဖြင့် http://www.yourfaceforfreedom.org/ သို့မဟုတ် http://www.chrysler .com/en/ စာမျက်နှာမှတဆင့်ဝင်ရောက်နိုင်ပြီး ပါဝင်လှူဒါန်းသူတို့၏ဓာတ်ပုံကိုလည်း အဖြူအမဲပုံဖြင့် အရောင်ပြောင်းလဲပေးမည်ဖြစ်ပြီး မိမိအမည်နှင့်တကွ ထိုဝက်ဘ်ဆိုက်တွင် ဖော်ပြပေးမည်ဖြစ်ပါတယ်။

အမေရိကန် chrysler ကားကုမ္ပဏီသည် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုထားသည့် ၎င်းတို့၏ကားကြော်ငြာကို ပြီးခဲ့တဲ့ကြာသပတေးနေ့က စတင်ပြသခဲ့ပြီး youtube စာမျက်နှာများတွင်ပြသထားသည့် အဆိုပါကြော်ငြာအား တပတ်အတွင်းလာရောက်ကြည့်ရှုသူပေါင်း ၁၃,၀၀၀ ကျော်ရှိခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ရည်ရွယ်၍ပြသထားသည့် Cheysler 300 Sedan ကားကြော်ငြာသည် လွန်ခဲ့သည့်နိုဝင်ဘာ ၁၀–၁၁ ရက်များက ဘာလင်တွင်ကျင်းပပြီးစီးသွားသည့် ၁၀ ကြိမ်မြောက်နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များ ဆွေးနွေးပွဲသို့တက်ရောက်လာသည့် နိုင်ဘယ်လ်ဆုရှင်များကို အခြေခံထားပြီး မိမိတိုင်းပြည်တွင်အကျဉ်းကျနေသည့် နိုဘယ်လ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာနိုင်ခြင်းမရှိကြောင်းကို သရုပ်ပြထားပါတယ်။

အဆိုပါကြော်ငြာတွင် နိုဘယ်လ်ဆုရှင်များဖြစ်သည့် တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၊ ပိုလန်သမ္မတဟောင်း Lech Walesa ၊ ဆိုဗီယက်ခေါင်းဆောင်ဟောင်း ဂေါ်ဘာချော့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မိုဟာမက်ယူနွတ်တို့က ဆွေးနွေးပွဲသို့ Chrysler ကားနက်များဖြင့် တယောက်ပြီးတယောက်ရောက်ရှိလာပြီးနောက် Chrysler ကားအဖြူရောင်တစီးက ဘာလင်တံတိုင်းကိုဖောက်ကာ အုတ်နံရံများက ဂျိုးဖြူအဖြစ်ပြောင်းလဲသွားကြပြီး ခန်းမရှေ့သို့ရပ်နားကာ တံခါးဖွင့်လိုက်ချိန်တွင် နောက်ခန်း၌စီးသူမဲ့နေသည်ကိုပြသထားပြီး "ရွေးချယ်ခြင်းခံထားရသော မြန်မာနိုင်ငံဝန်ကြီးချုပ် ဒေါ်အောင်ဆန်းစုကြည်အတွက် ရည်ရွယ်သည်" ဟူသော နောက်ခံအသံပါစတမ်းဖြင့် အဆုံးသတ်ထားပါတယ်။

# နအဖစစ်တပ်မှ ကလေးစစ်သား စုဆောင်းမှု တနေ့တခြား ပိုမိုများလာ

**DVB၊ ဒီဇင်ဘာ ၈။** ။ အသက် ၁၈ နှစ် မပြည့်သေးတဲ့ ကလေးတွေကို စစ်သားအဖြစ် စုဆောင်းနေမှုဟာ တနေ့တခြားပိုများလာတယ်လို့ ကလေးစစ်သားအရေးလိုက်လံဆောင်ရွက်နေသူတွေက ပြောပါတယ်။

သက်ဆိုင်ရာမိသားစုဝင်တွေရဲ့ တိုင်တန်းချက်အရ ကလေးစစ်သားအရေးလိုက်လံ ဆောင်ရွက်ပေးနေတဲ့ အမှု ၁၁၅ မှုရှိသွားပြီ ဖြစ်ပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်းတွေကဖြစ်တယ်လို့ ပဲခူးမြို့ လမ်းပြကြယ်အဖွဲ့ ခေါင်းဆောင်ဦးအေးမြင့်က ပြောပါတယ်။ လက်ရှိမှာ လိုက်လံကူညီပေးမှုအရ အဲဒီထဲက ကလေး ၁၀ ဦး လောက်သာ နေအိမ်ပြန်ရောက်ကြပြီး စစ်တပ်ထဲကို ကလေးတွေ ဘယ်လိုပုံစံနဲ့ရောက်သွားကြတယ်ဆိုတာကို ဦးအေးမြင့်က ပြောပြပါတယ်။

“စစ်တပ်ထဲမှာ ဗိုလ်ကြီးတွေက ရာထူးတိုးချင်ရင် ကလေးစစ်သား ၂ ယောက်ရှာပေးရမယ်။ တပ်ကထွက်ချင်ရင်လည်း အောက်ခြေ အခြားအဆင့်တွေကလည်း ကလေးစစ်သား ၂ ယောက်ရှာပေးပြီးမှ ထွက်ရမယ်။ ထွက်ခွင့် မရတဲ့အတွက် သူတို့တပ်ထဲက ရဲဘော်တွေကို ရွာတွေ အကုန်လုံးလွှတ်ပြီး ရှာခိုင်းတယ်၊ ငွေပေးစည်းရုံးပြီးထွက်တယ်၊ ရာထူးကိစ္စလုပ်တယ်။ “အဲဒီက တဆင့် လုပ်ငန်းကိုချဲ့လာလိုက်တာ အောက်ခြေအခြားအဆင့် ရဲဘော်တွေက ကလေး လူကုန်ကူးသလိုဖြစ်သွားပြီး ကလေးတယောက်တွေ့ရင် တပ်ထဲပို့ပေးတာနဲ့ ငွေရတယ်ဆိုတာလုပ်လာတယ်။ စားရတဲ့စစ်သားက စားရပြီး တော်တဲ့စစ်သားက တော်နေတော့ ကျုပ်တို့လည်း ဒီလိုလုပ်မှ မိသားစု စားရတယ်ဆိုပြီး ပြောပြတယ်။”

“အဲဒီနောက်ပိုင်း အရပ်သားတွေကပါ ငါ့ဝမ်းပူဆာ မနေသာတဲ့ အတွက်၊ ကိုယ့်ရဲ့ ဆွေမျိုးသားချင်းတောင်မှ တပ်ထဲကို ငွေ ၅၀,၀၀၀ နဲ့ ဆန်တအိပ်ရရင် စားဝတ်နေရေးပြေလည်အောင် ရှင်းလိုက်တယ်။ ကလေး ဒုက္ခရောက်မရောက် ဆိုတာမသိဘူး။ ဒီအကျင့်တွေက အခုအချိန်အထိဖြစ်နေတုန်းပါ။”

ဒီနှစ် ဖြေနှောင်းပိုင်းကစလို့ လိုက်လံဆောင်ရွက်ပေးခဲ့တဲ့ ကလေးစစ်သားအမှု ၄၁ မှုရှိသွားပြီလို့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် HRDP က ဦးမောင်မောင်လေးက ပြောပါတယ်။

“အဲဒီအထဲမှာ လောလောဆယ် ကလေးတွေ ၁၀ ယောက်ကျော် အိမ်ပြန်ရောက်လာပါပြီ။ ရဲဘက်ကနေ၊ စုဆောင်းရေးတပ်ကနေ၊ တပ်တာဝန်ထမ်းဆောင်နေရင်းနဲ့ ပြန်လာရတာတွေရှိပါတယ်။ မလွှတ်သေးတာ၊ ဆက်လက်ဆောင်ရွက်နေရတာတွေရှိတယ်။ တချို့ဆိုရင် သထုံကို မနေ့ကမှ လိုက်ထုတ်နေတာရှိတယ်။ “ကလေးတယောက်ဆိုရင် ၁၄ နှစ်လောက် ကတည်းက တပ်ထဲရောက်သွားတယ်၊ အခုပြန်လာတဲ့ အချိန်မှာ ၂၁ နှစ် ဖြစ်နေပြီ၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူက ဝင်သွားတဲ့အချိန်မှာ ကလေးစစ်သားကိစ္စဖြစ်တယ်။ ဒီကလေး ပြန်ရောက်လာတဲ့အခါ အားလုံး တပ်ထွက် လက်မှတ်က ရသလောက်နီးပါးဖြစ်နေပါပြီ၊ သူ့ရဲ့ အဖေက ကလေးသူငယ်စစ်သားကိစ္စတွေကို ကျနော်တို့နဲ့ တောက်လျှောက်လက်တွဲကူညီ ဆောင်ရွက်ပေးနေတဲ့သူဖြစ်တယ်။ ဒီအဖေ လိုက်လုပ်ပေးနေတာကို အာဃာတတွေ ရှိလို့လား၊ မကျေလည်တာ ရှိလို့လားမသိဘူး။ အဲဒီ ကလေး မောင်ကျော်စိုးဟိန်း ပြန်ထွက်ဖို့ကိစ္စ အခုအခက်အခဲတွေ့နေပါတယ်။”

ဒီလို ကလေးတွေကို စစ်သားအဖြစ်စုဆောင်းနေမှုကိစ္စမှာ အစိုးရအနေနဲ့ဘယ်လိုဆောင်ရွက်တာတွေ ရှိသလဲလို့ ဆက်မေးကြည့်တော့ ဦးမောင်မောင်လေးက ရှင်းပြပါတယ်။

“ကလေးသူငယ် ယူအန်ကွန်ဗန်းရှင်းကို လက်မှတ်ထိုးထားတယ်။ ပြည်တွင်းပြဌာန်းဥပဒေ ၉၃ အရ ရည်ရွယ်ချက် အပိုဒ် ၁ မှာ ကလေးသူငယ်တွေရဲ့ အခွင့်အရေး၊ ယူအန်ကွန်ဗန်းရှင်းမှာ ပါတဲ့ အခွင့်အရေးတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ဆိုပြီး ပြဌာန်းထားတယ်။ ကလေးသူငယ် အခွင့်အရေး တွေကာကွယ်ဖို့ဆိုပြီး ဗဟိုအဆင့်ကနေ မြို့နယ်အထိ ကလေးသူငယ် ကာကွယ်ရေး၊ အခွင့်အရေးကာကွယ်ရေးကော်မတီဆိုတာတွေ ဖွဲ့စည်းပုံထဲမှာ တွေ့တယ်။ ဒါ စာထဲက ဥစ္စာတွေပေါ့။ တကယ်လက်တွေ့ ဘာတွေဆောင်ရွက်နေတယ်ဆိုတာကျနော်တို့လည်း ဘယ်လိုမှမမြင်ရပါဘူး။ ဘယ်တုန်းကမှ ဒီကိစ္စတွေကို ထင်သာမြင်သာရှိအောင်ချပြတာမရှိတဲ့အတွက် ကျနော်တို့အသေအချာမပြောနိုင်ဘူး။”

အသက် ၁၈ နှစ် မပြည့်သေးသူကို စစ်မှုထမ်းခွင့်မပြုရဘူးလို့ စစ်ဥပဒေမှာ ပြဌာန်းထားပေမယ့် မသိတဲ့ ကလေးသူငယ်တွေဟာ စစ်သားစုဆောင်းရေးတပ်တွေမှာ အများကြီးရှိနိုင်သေးတယ်လို့ ဦးမောင်မောင်လေးက ယုံကြည်နေပါတယ်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရဲ့စာရင်းအရ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီကစပြီး အခုအထိ တိုင်တန်းထားတဲ့ကလေးစစ်သား ၁၀၂ မှုရှိပါတယ်။ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ အရွယ်မရောက်သေးတဲ့ကလေးတွေကို စစ်မှုထမ်းခြင်းက ကြိုတင်ကာကွယ်ရေး အသိပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပခဲ့တဲ့အကြောင်း ဖော်ပြထားပါတယ်။ ဒီသင်တန်းဖွင့်ပွဲကို ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့ UNICEF , UNHCR , ICRC, Save the Children စတဲ့ အဖွဲ့စည်းတွေတက်ရောက်ခဲ့ပါတယ်။ အမှာစကား ပြောကြားခဲ့တဲ့ UNIC- EF ဌာနေကိုယ်စားလှယ် M r. Ramesh Shrestha က အသက် ၁၈ နှစ်အောက် ကလေးတယောက်ဟာ သူကိုယ်တိုင်စိတ်ပါတယ် ဆိုရင်တောင် စစ်တပ်ထဲဝင်လို့မရဘူးဆိုတာ မီဒီယာတွေက တဆင့် ပုံစံအမျိုးမျိုးနဲ့အထူးသဖြင့် ကြော်ငြာဆိုင်းဘုတ်တွေ ထောင်ပြီး လူထုကို အသိပေးမယ့် အစီစဉ်တွေရှိတယ်လို့ပြောကြားပါတယ်။

---

# အောင်သောင်းကို ကျော်မြင့်နဲ့ အစားထိုး

**RFA၊ ဒီဇင်ဘာ ၈။** ။ ၂၀၁၀ ရွေးကောက်ပွဲအတွက် မန္တလေးတိုင်းက အရွေးခံဖို့တာဝန်ပေးထားတဲ့ စက်မှု ၁ ဝန်ကြီးဦးအောင်သောင်းအစား ကျန်းမာရေးဝန်ကြီးဦးကျော်မြင့်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြောင်းလဲတာဝန်ပေးလိုက်ပါတယ်။

ဝန်ကြီးဦးအောင်သောင်းဟာ မန္တလေးတိုင်းအတွင်း စည်းရုံးရေးခရီးစဉ်ကိုနှစ်နဲ့ချီလုပ်ခဲ့တဲ့သူဖြစ်ပါတယ်။ ဝန်ကြီးဦးအောင်သောင်းဟာ တောင်သာမြို့နယ်၊ ကျောက်ကာကျေးရွာဇာတိဖြစ်ပြီးတော့ တောင်သာမြို့နယ်အတွင်းမှာ ဦးစားပေးစည်းရုံးခဲ့သူလည်းဖြစ်ပါတယ်။ ဝန်ကြီးဦးအောင်သောင်းကို မန္တလေးတိုင်းအတွက် အရွေးခံဖို့ရာထားပြီးကာမှ ဘာကြောင့် ရုတ်တရက် ကျန်းမာရေးဝန်ကြီးဦးကျော်မြင့်နဲ့အစားထိုးလည်းဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။

မန္တလေးတိုင်းကို ကိုယ်စားပြုအရွေးမခံတော့ပေမယ့် နိုင်ငံရေးအဖွဲ့အစည်းတခုခုမှာတာဝန်ပေးခံရဖို့များတယ်လို့ ဝန်ကြီးချုပ်ရုံးနဲ့နီးစပ်တဲ့သတင်းရပ်ကွက်ကပြောပါတယ်။ ဝန်ကြီးဦးအောင်သောင်းဟာ အသက် ၇၀ ကျော်နေပြီး ကျန်းမာရေးမကောင်းတဲ့အတွက် စင်္ကာပူကိုမကြာခဏ ဆေးကုသသွားနေရသလို ဦးအောင်သောင်းရဲ့မိသားစုဟာလည်း ရွေးကောက်ပွဲမှာမပါဝင်စေချင်ဘူးလို့ မိသားစုနဲ့နီးစပ်သူတဦးက RFA ကိုပြောပါတယ်။

မြန်မာစစ်အစိုးရဟာ ၂၀၁၀ ရွေးကောက်ပွဲအတွက် အရွေးခံမယ့်ဝန်ကြီးစာရင်းကို အခုထိ တရားဝင်မထုတ်ပြန်သေးသလို နိုင်ငံရေးဘက်ပြောင်းဖို့ကို ဝန်ကြီးရာထူးကနေနုတ်ထွက်သူတွေကိုလဲဘဲ တိုင်းပြည်ကိုမကြေညာဘဲထားပါတယ်။ ထူးခြားတဲ့တချက်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း နေပြည်တော်မှာကျင်းပခဲ့တဲ့ စက်မှု ၁ ဝန်ကြီးဌာန သင်တန်းဆင်းပွဲတခုမှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဝန်ကြီးဦးအောင်သောင်းက ပထမဦးဆုံးအကြိမ်ချီးမွမ်းပြောဆိုခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြည်သူစိတ်ကြိုက်ရွေးချယ်တဲ့ ရွေးကောက်ပွဲဖြစ်ပြီးတော့ တပ်မတော်ပါဝင်နေတဲ့အတွက် ထူးခြားတဲ့ရွေးကောက်ပွဲဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ သင်တန်းဆင်းပွဲတက်တဲ့ ဝန်ထမ်းအများစုက ဝန်ကြီးဦးအောင်သောင်းပြောဆိုချက်ကို သဘောမတူပေမယ့် ပြန်လည်ချေပပြောခွင့်မရခဲ့ဘူးလို့လည်း ဝန်ထမ်းတွေကပြောပါတယ်။

# ကမ္ဘာ့ ဥတုရာသီ ပြောင်းလဲခြင်းဆိုင်ရာ ညီလာခံအပေါ် သုံးသပ်ချက်

**DVB၊ ဒီဇင်ဘာ ၈။** ။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကျင်းပနေတဲ့ ဥတုရာသီ ပြောင်းလဲခြင်း ဆိုင်ရာ ညီလာခံအပေါ် မြန်မာနိုင်ငံမှ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူတွေ၊ စာရေးဆရာတွေက သုံးသပ်ရှုမြင်ထားပါတယ်။

သစ်တောစိုက်ပျိုးရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးကို တစိုက်မတ် မတ်လုပ်နေတဲ့ ရန်ကုန်အခြေစိုက် FREDA ခေါ် မြန်မာ့သစ်တော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ ညွှန်မှူးဦးအုန်းက သုံးသပ်ထားပါတယ်။

"ကျနော်တင်ပြ ထားတာရှိတယ်။ ကိုယ်ပိုင်အိုင်ဒီယာတော့ မဟုတ်ဘူးပေါ့။ ဖူလိုင်လက စွမ်းအင်ဝန်ကြီးဌာနက ဦးစီးတဲ့ အာဆီယံဝန်ကြီးများ အစည်းအဝေးမန္တလေးမှာ Global Warming, Climate Change and Myanmar's Role to play ဆိုပြီးတော့ ကျနော် paper တင်ခဲ့တယ်။ အဲဒီမှာ ကျနော်တို့ မြန်မာပြည်မှာ တောတွေက ကျန်သေးတယ်။ ဧရိယာ ဟက်တာ ၃၄ သန်းရှိတယ်။ တဝက် ၁၇ သန်းလောက်ထိန်းရင် တနှစ်ကို ၁၂.၄၇ မက်ထရစ်တန်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဆုပ်ပါတယ်။ ဒီတောတွေ Global Warming ကို အများကြီး လျော့ပါးစေပါတယ်။ South Asian, Southeast Asian ဒေသဟာ ကမ္ဘာ ဘေးအန္တရာယ်အများဆုံး ဒေသ ၉ ဖုံရှိတယ်။ ပထမအများဆုံး ဖြစ်တာတော့ ဘင်္ဂလားဒေ့ရှ်ပေါ့၊ နံပတ် တူးက အင်ဒိုနီးရှား၊ နံပါတ်သရီးက ဖိလစ်ပိုင်၊ နံပါတ် ဖိုးက မြန်မာပြည်။ "

ဒီလို ဒေသတွေမှာ ဒီလိုတောပျက်တာတွေကို တားဆီးဖို့ ကမ္ဘာက ဝိုင်းပြီးအားပေးကြပါ။ ဥပမာ ယူအန်ဒီပီ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်တို့လို နိုင်ငံကြီးတွေ၊ ဖွံ့ဖြိုးတဲ့ ဂျီတွမ်တီးနိုင်ငံတွေပေါ့။ အခု အမေရိကန်ကလည်း ခေါင်းဆောင်မယ် ပြောတယ်၊ ယူအန်ဒီပီက အော်တယ်၊ စကင်ဒီနေးဗီးယားကလည်း ပြောတယ်၊ အော်နေမယ့်အစား လက်တွေ့အကူအညီပေးပါ၊ ကျနော်တို့ တကယ်လိုလို့ တောင်းတာပါ။"

သူ့ရဲ့စာတန်းကို အစိုးရအာဏာပိုင်တွေကတဆင့် အဲဒီညီလာခံကို တင်ပြထားတဲ့အပြင် ပညာရှင်တွေကိုလည်း တင်ပြထားတယ်လို့ ဦးအုန်းက ပြောပါတယ်။ ဒီညီလာခံအပေါ် ပညာရှင်တွေဘက် စိတ်ဝင်စားနေပေမယ့် ကျေးလက်ဒေသရှိသာမန်ပြည်သူတွေကကော စိတ်ဝင်စားရဲ့လား၊ သူတို့ရဲ့နေ့စဉ်ဘဝနဲ့ညီလာခံဆက်စပ်မှုကောရှိရဲ့လားဆိုတာကို သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဆောင်းပါးတွေရေးနေတဲ့ မန္တလေးမှ ဆရာကျော်ရင်မြင့်က သူအတွေ့အကြုံကို ပြောပါတယ်။

"သူတို့ သာမန်လူတွေက ရာသီဥတု ဖောက်ပြန် ပျက်ဆီးနေတာကိုတော့ သတိထားမိနေကြပြီ၊ အေးရမယ့်အချိန်မှာ မအေးဘူး၊ သိပ်ကို ပူတယ်ပေါ့။ ကျနော်ပြီးခဲ့တဲ့ အပတ်တုန်းက ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်ရောက်တယ်။ "အဲဒီကလူတွေ၊ တောသူတောင်သားတွေ သိကြတယ်။ ကောက်ပဲသီးနှံတွေ စိုက်ရတာ ထွက်သင့်သလောက် မထွက်ဘူး။ ရာသီဥတု ပြောင်းလဲနေတာကိုတော့ သိပေမယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ဆိုင်တယ် မဆိုင်ဘူးဆိုတာတွေတော့ သာမန်အောက်ခြေ လူတန်းစားကတော့ သိသေးပုံမရဘူး။ "

"မြို့ပြတွေမှာ မန္တလေးဆိုတာ ဆောင်းတွင်းမှာတော့ အလွန်အေးတယ်လို့ နာမည်ကြီးတဲ့ နေရာတခုဆိုပေမယ့် အခုမအေးဘူး။ တော်တော်ကို ပူတာပေါ့။ နောက်တခုက သစ်ပင်တွေ သိပ်နည်းသွားတယ်။ အရင်တုန်းက မန္တလေးတောင်ပေါ်က ကြည့်ရင် မန္တလေးက တောအုပ်ကြီးလိုပဲ စိမ်းနေပြီး အခုဆိုရင် ကွန်ကရစ်တိုက်တွေက ဖွေးနေတာပဲလေ။ အဲဒါ အင်မတန်မှ သိသာတဲ့ ပြောင်းလဲမှုတခုပဲ။ ကျနော်နေတဲ့ မန္တလေးကျုံးနံဘေးက အိမ်ဆိုရင်လည်း လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က အိမ်ရှေ့မှာ မန်ကျီးပင်ကြီးတွေ အများကြီးရှိတယ်။ အခုဆိုရင် ကျုံးဘေးမှာ တပင်မှကို မကျန်တော့ဘူး၊ သိသိသာသာ သစ်ပင်တွေနည်းသွားတယ်။"

မြစ်ဝကျွန်းပေါ်မှာ သစ်ပင်မရှိတဲ့အတွက် လူတသိန်းကျော် နာဂစ်မုန်တိုင်းအတွင်း သေဆုံးခဲ့ရတယ်လို့ ဖရီဒါ မှ ဦးအုန်းက ပြောပါတယ်။ နာဂစ်မုန်တိုင်းဆိုတာကို လူတွေ မကြားချင်တော့ပေမယ့် အဲဒီမုန်တိုင်းကြောင့် သဘာဝ ပတ်ဝန်းကျင် အရေးပါပုံကို လူတွေ ပိုသိလာတယ်။ အခုဆိုရင် ပင် လယ်ကမ်းရိုးတန်းတလျှောက်မှာ လမုတောတွေ အမြန်ဆုံးစိုက်ပေးဖို့ ဒေသခံတွေ ကိုယ်တိုင်က တောင်းဆိုနေပြီ ဖြစ်တယ်လို့ ဦးအုန်းက ရှင်းပြခဲ့ပါတယ်။

"လူတွေက အခုတော့ ကျနော်တို့နားမှာ တောတွေမရှိဘူး။ နောက်တခါ နာဂစ်ဖြစ်ရင် ကျနော်တို့ သေကြရတော့မယ်၊ အဲဒါကြောင့်မို့လို့ တောတွေ လာလုပ် ပေးပါဆိုပြီး Request လုပ်တာတွေရှိတယ်၊ ဒါကောင်းတဲ့အလားအလာပေါ့။ ဒါပေမယ့် တကယ်တမ်း ကိုယ့်မြေကို မပေးချင်ကြတော့ အတော် နားချပြီးတော့လုပ်ရတယ်။ ရွာတရွာဆိုရင် လယ်ပဲတော့ လယ်ဧက ၁,၀၀၀ မှာ အနည်းဆုံးလယ်ဧက ၂၀၀၊ ၂၅၀ လေးပုံတပုံလောက်တော့ တောရိုင်းတွေရှိရမယ်။ ကျနော်တို့ဟာ ၉၉ ကတည်းက ဖျာပုံခရိုင် အမာမြို့နယ်အကွက်မှာ လမုတောဧက ၄,၀၀၀ ကျော်စိုက်ပြီးပါပြီ။ အဲဒီဒေသတွေက ၂၆ ရွာ၊ လူပေါင်း သောင်းခြောက်ထောင်ပါ။ နာဂစ်ဖြစ်တော့ သုံးယောက်ပဲသေတယ်။ ဘိုကလေးဘက်မှာ လမုတောတွေခုတ် လယ်စိုက်တဲ့နေရာမှာ လူတွေ သိန်းနဲ့ချီပြီးသေတယ်၊ ကွန်းသီးချောင်းရွာက လူ ၇,၀၀၀ မှာ ၅,၀၀၀ သေတယ်။ ပဲဒကောရွာက လူ ၉၀၀ မှာ ၇၀၀ သေတယ်။"

ဒီလို သေတာတောမရှိလို့၊ အကာအကွယ်မရှိလို့၊ ကမ္ဘာ့ဝန်းကျင်ဆိုတာ လက်တွေ့ခံစားရတဲ့ လူတော့ သိတာပေါ့။ မခံစားရတဲ့ လူကတော့ မခံစားရမချင်းသူတို့ သဘောမပေါက်ဘူး။ ကမ္ဘာ့ဝန်းကျင်ဖြစ်တဲ့အခါမှာ ချမ်းသာတာ၊ ဆင်းရဲတာ၊ အာဏာရှိတာ၊ မရှိတာ ဘယ်သူမှမညှာဘူး။ သဘာဝကတော့ သတ်စရာရှိ အကုန်သတ်တာပဲ။ ဒါတွေကို သဘောပေါက်အောင် အဖွဲ့အစည်း အမျိုးမျိုး လူတန်းစားအမျိုးမျိုးကို ပညာပေးနေပါတယ်။"

ကီလိုမီတာ ၂,၅၀၀ အရှည်ရှိ ကမ်းရိုးတန်းတလျှောက် လမုတောစီမံကိန်းအတွက် ဦးအုန်းရဲ့ ဖရီဒါအဖွဲ့နဲ့ နိုင်ငံတကာ အန်ဂျီအို ၁၇ ခုတို့က ပူးတွဲဆောင်ရွက်နေပြီး နိုင်ငံခြားအကူအညီ တချို့လည်း ရနေပြီလို့ သိရပါတယ်။ ဒါပေမယ့် နာဂစ်အတွင်းပျက်စီးခဲ့တဲ့ လမုတောပမာဏဟာ ဟက်တာ ၁၅,၀၀၀ ကျော်ရှိတဲ့အပြင် ကမ်းရိုးတန်းတလျှောက်မှာလည်း လမုတောတွေ ထပ်စိုက်ဖို့လိုနေသေးတဲ့အတွက် နိုင်ငံတကာအကူအညီ ဒီထက်မက လိုနေသေးတယ်လို့ ဦးအုန်းက ပြောကြားခဲ့ပါတယ်။

---

**စာမျက်နှာ ၂ မှ**

ရှင်းပေးနေတဲ့ မက်ဖောင်ဒေးရှင်းရဲ့ မဲဆောက်ရုံးမန်နေဂျာ ကိုအေးက ဒီအစီအစဉ်ကို ကြိုဆိုလိုက်ပါတယ်။ "

ဘာအကျိုးအမြတ်ရှိသလဲဆိုတော့ ကလေးတွေ ကျောင်းအပ်မယ်ဆိုရင် ကလေးရဲ့ ဇာတိ၊ အဖေအမေလိပ်စာအကုန်သိရတယ်။ နောက်တခု ကလေးက အရွယ်ရောက်ပြီ အလုပ်လုပ်ပြီဆိုရင် သူ့မှာ နေထိုင်ခွင့် ရှိပြီးသားပဲ။"

ထိုင်းနိုင်ငံ တောင်ပိုင်းက ဖန်ငဒေသမှာ မြန်မာကလေးတွေအတွက် စာသင်ကျောင်းဖွင့်လှစ်သင်ကြားနေတဲ့ အခြေခံလူထုလူ့အခွင့်အရေးပညာပေးကော်မတီ ဒါရိုက်တာကိုထူးချစ်က သူတို့ကလေးတွေအတွက် လုပ်ပြီးသွားပြီဖြစ်ကြောင်း၊ ထိုင်းအစိုးရအစီအစဉ်က ကလေးတွေနောင်ရေးအတွက် ကောင်းတယ်လို့ပြောပါတယ်။ ထိုင်းနိုင်ငံအတွင်းမှာ နယ်စပ်တွေကနေ ဝင်ရောက်လာကြတဲ့ မြန်မာနိုင်ငံသားတင် မကဘဲ လာအို၊ ကမ္ဘောဒီးယား နိုင်ငံသားတွေရဲ့ သားသမီးတွေကိုပါ စာရင်းကောက်ယူ မှတ်ပုံတင်နေတာပါ။ ထိုင်းအစိုးရအလုပ်သမားဝန်ကြီးဌာနအရာရှိရဲ့ ပြောဆိုချက်အရ ဒီနှစ်အတွင်း မြန်မာ ၇ သိန်း အလုပ်သမား မှတ်ပုံတင်တယ်လို့ ပြောပါတယ်။ တခြားအစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ ခန့်မှန်းချက်အရ မြန်မာပြည်သား ၃ သန်းလောက်ရှိတယ်လို့ ပြောဆိုကြပါတယ်။

ယခင်တပတ်မှအဆက်

# လူမှုအဖွဲ့အစည်းနှင့်အုပ်ချုပ်မှု

ကျော်ကျော်စိုး

## အနာဂတ်ဆက်ဆံရေး

မကြာသေးမီနှစ်များအတွင်းက လူမှုအသိုင်းအဝိုင်းအတွင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်လာသည့်အတွက် အစိုးရနှင့်ပြည်သူ့ရေးရာအဖွဲ့အစည်းများအကြား ဆက်ဆံရေး၊ ပတ်သက်ဆက်နွယ်မှုများသည် တိုးတက်များပြားလာခဲ့သည်။ တင်းမာသောဆက်ဆံရေးများရှိသကဲ့သို့ ပြေပြစ်သောဆက်ဆံရေးများလည်း ရှိသည်။ ဤသည်မှာ ရှောင်လွှဲ၍မရသောအကြောင်းကိစ္စဖြစ်လာသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်းများ ကြီးမားကျယ်ပြန့်သောအစဉ်အလာမရှိသည့်နိုင်ငံများတွင် တင်းမာသောဆက်ဆံရေးများရှိကြသည်။ ဥပမာ– မြန်မာနိုင်ငံတွင် အစိုးရသည် ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် မိမိတို့အာဏာချုပ်ကိုင်မှုကို ထိပါးလာနိုင်ခြေရှိသော အဖွဲ့အစည်းများအဖြစ် သံသယထားရှိကာ တင်းမာစွာဆက်ဆံလေ့ရှိသည်။ ပြုပြင်ပြောင်းလဲမှုများအကြီးအကျယ်ပြုလုပ်နေသည့် တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်စသည့်နိုင်ငံများတွင် အစိုးရသည် လူထု၏နေ့စဉ်လူမှုဘဝတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးမှု များပြားသည့်အစဉ်အလာရှိခဲ့သောကြောင့် ပြုပြင်ပြောင်းလဲရေးမှုများကို လက်တွေ့အကောင်အထည်ဖော်သည့်တိုင် ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် လူထုအကျိုးအတွက် မိမိတို့စွမ်းဆောင်နိုင်ခြေရှိသလောက် လုပ်ကိုင်နိုင်ခြင်းမရှိသည့်အနေအထားလည်းရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်မှု အဲန်ဂျီအိုများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံရေးနှင့်ဆက်နွယ်သည့်ကိစ္စများကို လုပ်ဆောင်ခြင်းမရှိသည့်တိုင် ထိုအဖွဲ့များ၏ လုပ်ဆောင်ချက်များ နှောင့်နှေးကြန့်ကြာစေရန် လုပ်ပိုင်ခွင့်များကို ကန့်သတ်ခြင်း၊ ခွင့်ပြုမိန့်သက်တမ်းတိုးပေးရေးကို အချိန်ဆွဲခြင်း၊ သွားလာမှုခက်ခဲစေရန် လုပ်ဆောင်ခြင်းစသည်များကို အစိုးရနှင့်၎င်းတို့လက်အောက်ခံအဖွဲ့အစည်းများက ပြုလုပ်လေ့ရှိသည်။ ထိုကြားထဲမှလုပ်ဆောင်ချက်များ တိုးတက်မှုရလာပြီး လူအများ၏အားပေးမှု၊ အားကိုးအားထားပြုမှုများကို အဆိုပါအဖွဲ့များရရှိလာသောအခါ အာဏာပိုင်များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကနေရာယူရန်နှင့် သိမ်းပိုက်မှုများပြုရန်ကြိုးစားသည်များနှင့်ကြုံရလေ့ ရှိသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်းအများစုသည် ငွေကြေးတောင့်တင်းသော အဖွဲ့များမဟုတ်သည့်အတွက် ငွေကြေးအရင်းအမြစ်အတွက် အစိုးရ သို့မဟုတ် အခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို အားကိုးရသည်။ ထိုအခြေအနေမျိုးကြောင့် အစိုးရနှင့် ထိုအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှုပိုမိုများပြားလာသည်။ ထိုသို့သောဆက်ဆံမှုနည်းလမ်းများသည် အစိုးရက ပြည်သူ့ရေးရာအဖွဲ့အစည်းများအပေါ် ဩဇာအရှိန်အဝါသက်ရောက်မှုရှိစေရန် ကြိုးပမ်းလာစေသည်။ တနည်းဆိုရသော် အစိုးရလက်အောက်ခံ သို့မဟုတ် ဩဇာခံအဖွဲ့အစည်းတခုအဖြစ် ရောက်ရှိသွားစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ဤအချက်သည် အလွန်စိုးရိမ်ဖွယ်ရာကောင်းသောအချက်ဖြစ်သည်ကို သတိပြုရန်လိုအပ်ပေသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် လူမှုအသိုင်းအဝိုင်းအတွင်း ကျယ်ပြန့်လာနေသည့်အတွက် အစိုးရနှင့်ပြည်သူ့ရေးရာအဖွဲ့အစည်းများအကြား အပြန်အလှန်အသိအမှတ်ပြုမှုများဖြင့် ပံ့ပိုးကူညီမှုများပြုလုပ်နိုင်ခြင်းသည် ပြည်သူလူထုအကျိုးကို ထိရောက်စွာလုပ်ဆောင်နိုင်သည့် အခြေအနေများ ပေါ်ထွန်းလာပေသည်။

ခြားနားသောရပ်တည်ချက်များက ကိစ္စရပ်များနှင့်ပတ်သက်၍ ချဉ်းကပ်မှုများပြုရာတွင် တင်းမာမှုများဖြစ်စေသည်မှာမှန်သော်လည်း ထိုအရာများကို အပြုသဘောဆောင်စေရန် နှစ်ဘက်စလုံးက အပြန်အလှန်အသိအမှတ်ပြုရေးသည် လိုအပ်ချက်တခုဖြစ်လာသည်။ ဤသည်က ယနေ့ခေတ်ကာလတွင် နိုင်ငံနှင့်ပြည်သူများအပါအဝင် အစိုးရကပါ ပြည်သူ့ရေးရာအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုလက်ခံရမည်ဆိုသည့် အတွေးအခေါ်အယူအဆ လိုအပ်သည်ကိုဖော်ပြနေသည်။ ထိုအယူအဆသည် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ထွန်းလာစေရေးအတွက် ကြီးစွာအထောက်အကူပြုနေသည်။

ထို့ကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးဆိုသည်မှာ အခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်ရှိသူများက ချမှတ်ကျင့်သုံးပြဌာန်းခြင်းထက် လူမှုအသိုင်းအဝိုင်းအတွင်း၊ နိုင်ငံအတွင်းနေထိုင်ကြသူများအကြား ညှိနှိုင်းဆွေးနွေးမှုများဖြင့် သတ်မှတ်နိုင်ပေသည်။ အထက်မှအောက်သို့ အဆင့်ဆင့်ညွှန်ကြားလိုက်နာဆောင်ရွက်စေခြင်းထက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်နိုင်ပေသည်။ ထိုကဲ့သို့ ညှိနှိုင်းဆွေးနွေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန်မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ပိုမိုကျယ်ပြန့်ထိရောက်စွာလုပ်ဆောင်သည့်အခြေအနေရှိမှု၊ ပြည်သူ့ရေးရာအဖွဲ့အစည်းများ အားကောင်းခိုင်မာရေးအတွက် လုပ်ဆောင်နိုင်သည့်အခြေအနေရှိမှ ဖြစ်ပေမည်။

လက်ရှိကာလနှင့်အနာဂတ်ကာလ နိုင်ငံရေးခေါင်းဆောင်များသည် တာဝန်ယူမှု Responsiblity နှင့် အုပ်ချုပ်မှု Governance တို့အတွက် အရည်အချင်းပြည့်မီစေရန် လေ့လာမှုများပြုရမည်ဖြစ်သကဲ့သို့ ကျင့်ဝတ်များ Ethics ကောင်းမွန်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် အာဏာရှင်အုပ်ချုပ်မှုစနစ်မှ ပြောင်းလဲရန်ကြိုးပမ်းနေသည့်၊ ပြောင်းလဲလာခဲ့သည့်နိုင်ငံများတွင် အရိုးစွဲကျန်ရစ်နေခဲ့သောအာဏာရှင်စနစ်နိုင်ငံရေးအစဉ်အလာကို ကျော်လွှားနိုင်ပြီလောဆိုသည့် မေးခွန်းသည် လက်ရှိကာလနှင့်အနာဂတ်နိုင်ငံရေးခေါင်းဆောင်များ ဖြေကြားရမည့် အရေးကြီးသည့်မေးခွန်းတခုဖြစ်သည်။

ထိုအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပြောင်းလဲမှုများကိုဦးတည်သည့် ထိရောက်သောဗျူဟာများကို ရှာဖွေသတ်မှတ်ကျင့်သုံးရေးပင်ဖြစ်သည်။ ထို့အပြင် ပြောင်းလဲလာသောအခြေအနေများနှင့်အညီ ရှုမြင်သုံးသပ်မှုများသည် ခေတ်နှင့်အညီဖြစ်ရန်လည်းလိုအပ်သည်။ ပြည်သူ့ရေးရာအဖွဲ့အစည်းများ အားကောင်းခိုင်မာရေးအတွက် အခြေအနေကောင်းများလိုအပ်သည်ဟု အထက်တွင်ဖော်ပြခဲ့သော်လည်း အဖွဲ့အစည်းများအနေဖြင့် မိမိတို့ကိုယ်တိုင်ကလည်း တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းရမည်ဖြစ်သည်။

၎င်းတို့၏အခန်းကဏ္ဍသည် နိုင်ငံရေးအရ စောင့်ကြည့်လေ့လာသော၊ အစိုးရ၏ပေါ်လစီများ လူထုကိုပိုမိုအကျိုးပြုလာစေရေးအတွက်လုပ်ဆောင်သော၊ ပေါ်လစီပြောင်းလဲရေးအတွက် စဉ်းစားတွက်ချက်မှုများပြုရာတွင် အားကိုးအားထားပြုရသော အဖွဲ့အစည်းများအဖြစ်သို့ ရောက်ရှိလာနေသည်။ တချိန်တည်းမှာပင် အစိုးရနှင့်ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာနေသည့်အတွက် အထက်တွင်ဖော်ပြခဲ့သို့ အစိုးရ၏လက်အောက်ခံ ဩဇာခံအဖွဲ့အစည်းအဖြစ်သို့မရောက်ရှိစေရန် အထူးသတိထားရန် လိုအပ်ပေသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်းများအတွင်းသို့ အစိုးရ၏ ထိုးဖောက်ချယ်လှယ်မှုများမှကျော်လွှားနိုင်ရေးအတွက် လိုအပ်ချက်တရပ်မှာ မိမိတို့ဦးတည်လှုပ်ရှားနေသောနယ်ပယ်တွင် ကျွမ်းကျင်နှံ့စပ်သော စနစ်တကျလေ့ကျင့်သင်ယူတတ်မြောက်ထားသောသူများ အဖွဲ့အစည်းအတွင်း ပိုမိုများပြားလာရေးဖြစ်သည်။ ထို့အပြင် စေတနာ့ဝန်ထမ်းစိတ်ဓာတ်အယူအဆနှင့် ကျွမ်းကျင်နှံ့စပ်မှုတို့အကြား မျှတစွာပေါင်းစပ်နိုင်ရေးသည် ပြည်သူ့ရေးရာအဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေးအတွက် လိုအပ်ချက်ဖြစ်သည်။

အဖွဲ့ဝင်များအကြား လှုပ်ရှားသူများအကြား အရည်အသွေးတိုးတက်ရေးသည် ပြည်သူ့ရေးရာအဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေးကို အထောက်အကူပြုသကဲ့သို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုကျယ်ပြန့်လာခြင်းကလည်း ပြည်သူ့ရေးရာအဖွဲ့အစည်းများ အားကောင်းခိုင်မာလာစေရန် ပံ့ပိုးပေးနေသောအချက်ဖြစ်သည်။

ထို့ကြောင့် ပြည်သူ့ရေးရာအဖွဲ့အစည်းများအားကောင်းရေး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုတို့သည် အပြန်အလှန်ဆက်စပ်မှီခိုနေသည်ကို သဘောပေါက်လက်ခံရေးသည် ယနေ့ခေတ်ကာလတွင် ရှေ့တန်းသို့ရောက်ရှိလာသောအယူအဆတရပ်ဖြစ်နေပေသည်။

# ဗိုလ်ချုပ်ရွှေမန်းသား တိုးနိုင်မန်း ဝိုင်ဖိုင်အင်တာနက်လုပ်ငန်းလုပ်ခွင့်ရရှိ

**NEJ ၊ ဒီဇင်ဘာ ၇ ။** ။ ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့သား ဦးတိုးနိုင်မန်းနှင့်ဇနီးဇေဇင်လတ် ဇော်မှာဦးခင်ရွှေရဲ့သမီး တို့ပိုင်ဆိုင်တဲ့ Red Link Communications Ltd ကုမ္ပဏီသည် မြန်မာနိုင်ငံမှာ ပထမဦးဆုံးဝိုင်ဖိုင်စနစ်ဖြင့် အခပေးအင်တာနက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသွားကြောင်း အိုင်တီကုမ္ပဏီအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရပါတယ်။

မြန်မာအင်ဖိုတာအဆောက်အဦတွင်ရုံးစိုက်သည့် အိုင်တီကုမ္ပဏီမှ အင်ဂျင်နီယာတဦးက "အခု Red Link ကုမ္ပဏီဟာ နေရာတချို့မှာ ဝိုင်ဖိုင်စနစ်တပ်ဆင်ထားမယ်။ နောက် အဲဒီဝိုင်ဖိုင်ရတဲ့နေရာတွေမှာ အင်တာနက်အသုံးပြုလို့ရနိုင်တဲ့ ကြိုတင်ငွေပေး Prepaid ကတ်တွေရောင်းနေပြီ။ အဲဒီကတ်တွေဝယ်ပြီး ကိုယ်ပိုင်လက်ပ်တော့တွေနဲ့အင်တာနက်သုံးနိုင်တယ်။ ဒါဟာ မြန်မာပြည်မှာ သူတို့ဒီလုပ်ငန်းလုပ်ခွင့်ရတာ ပထဦးဆုံးဘဲ။" လို့ပြောပါတယ်။

အဆိုပါကိစ္စ ဇော်မှာကုမ္ပဏီပိုင် မြရိပ်ညိုဟိုတယ်ကိုဖုန်းဆက်မေးမြန်းရာ တာဝန်ရှိသူတဦးက အဆိုပါ Net now ခေါ် Prepaid ကတ်များကို ဒီဇင်ဘာ ၁ ရက်နေ့မှာ စတင်ရောင်းချနေပြီဖြစ်ကြောင်း၊ ဝိုင်ဖိုင်စနစ်တပ်ဆင်ထားတဲ့ မြရိပ်ညိုဟိုတယ်၊ ကရဝိတ်ဥယျာဉ်နဲ့ စိမ်းလန်းစိုပြေအပန်းဖြေဥယျာဉ်တို့တွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း အင်တာနက် ၁၅ နာရီအသုံးပြုနိုင်တဲ့ ကတ်တခုကို ကျပ် ၅,၀၀၀ ဖြင့်ရောင်းချနေပြီး ကုန်တိုက်တချို့နဲ့ ကိုယ်စားလှယ်ဆိုင် အချို့တွင်ဝယ်နိုင်ပါတယ်။

Red Link Communications Ltd ကုမ္ပဏီသည် ပြီးခဲ့တဲ့နှစ်ကတည်းက Broadband Wimax ခေါ် အင်တာနက်အခပေးစနစ်လုပ်ငန်း စတင်လုပ်ကိုင်ခွင့်ရခဲ့ပြီး အဆိုပါစနစ်မှာ တယ်လီဖုန်းလိုင်းကြိုးရှိစရာမလိုဘဲ နေအိမ်များမှနေ၍ Broadband အင်တာနက်စနစ်ဖြင့် အသုံးပြုနိုင်သည့်စနစ်မျိုးဖြစ်သည်။ သို့သော် ကနဦးတပ်ဆင်ခ၊ စက်ဖိုး၊ နှစ်စဉ်ကြေးအပါအဝင် စုစုပေါင်းကုန်ကျစရိတ် အက်ဖ်အီးစီ ၁,၈၆၀ မြန်မာငွေဖြင့်ဆိုပါက ကျပ်သိန်း ၂၀ နီးပါးကုန်ကျခြင်း၊ လစဉ်ကြေးအနည်းဆုံးအက်ဖ်အီးစီ ၄၅ ကောက်ခံခြင်းတို့ကြောင့် ဈေးကြီးပြီး ဝယ်ယူသူနည်းပါးပြီး အောင်မြင်မှုမရခဲ့ပေ။

ပြီးခဲ့သည့် ၂၀၀၈ နှစ်ကုန်ပိုင်းတွင်မှ Exotic Wing ကုမ္ပဏီတွင် မြို့တွင်း ၁၆ မြို့နယ်၌ မည်သည့်နေရာတွင်မဆို ဝိုင်ဖိုင်အခပေးကတ်စနစ်ဖြင့် အင်တာနက်သုံးနိုင်သည့်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိခဲ့ကာ အဆိုပါလုပ်ငန်းကို ၂၀၀၉ ဂျန်နဝါရီလမှာစတင်လုပ်ကိုင်နိုင်မယ်လို့ ကြေညာခဲ့ပါတယ်။ သို့သော် အခုလို မြို့တွင်းဧရိယာတို့တွင် တယ်လီဖုန်းလိုင်းကြိုးမလို၊ ကနဦးတပ်ဆင်ခပေးစရာမလိုဘဲ ဈေးပေါပေါဖြင့် အများပြည်သူအင်တာနက်သုံးနိုင်သည့်စနစ် ပေါ်ပေါက်လာပါက ၎င်းတို့လုပ်ကိုင်နေသည့် Broadband Wimax လုပ်ငန်းထိခိုက်မည်စိုးရိမ်ပြီး ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့သားပိုင် Red Link ကုမ္ပဏီက အာဏာပိုင်များမှတဆင့် အဆိုပါ ဝိုင်ဖိုင်လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်ပင်ခဲ့ပြီး နောက်ပိုင်း Exotic Wing ကုမ္ပဏီကအဆိုပြုခဲ့သည့် ဝိုင်ဖိုင်လုပ်ငန်းကို လက်ဝါးကြီးအုပ်ရယူခဲ့ခြင်းဖြစ်ပါတယ်။

သို့သော် ၎င်းတို့မူလ Braoadband Wimax စနစ်ရောင်းချမှုထိခိုက်မည်ကိုစိုး၍ ၂၀၀၉ တနှစ်လုံး ဝိုင်ဖိုင်လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိသေးဘဲ နှစ်ကုန်ပိုင်းမှ ယခုအစီအစဉ်စတင်ခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့ခံတဦးက "ဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်သုံးနိုင်တာတော့ဟုတ်ပါပြီ။ အဲဒီ မြရိပ်ညိုတို့၊ စိမ်းလန်းစိုပြေဥယျာဉ်တို့ကို လက်ပ်တော့ယူသွားပြီး တကူးတကသွားရဦးမယ်။ သူ့ကတ်နဲ့တနာရီ ကျပ် ၃၀၀ ကျော်ပေးရဦးမယ်။ အခု ရန်ကုန်မြို့အနှံ့မှာ အင်တာနက်ကဖေးတွေ ဘယ်နေရာသွားသွား တနာရီ ကျပ် ၂၀၀–၃၀၀ ကြိုက်သလောက်သုံးဆိုတော့ သူတို့ဝိုင်ဖိုင်ကအသုံးမတည့်ဘူး။ ရန်ကုန်ဘယ်နေရာကမဆို ဝိုင်ဖိုင်စနစ်နဲ့အင်တာနက်သုံးနိုင်ရင်တော့ အသုံးတည့်လိမ့်မယ်။" လို့ ပြောပါတယ်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုနိုင်တဲ့ စနစ် ၄ မျိုးရှိပြီး ၎င်းတို့မှာ တယ်လီဖုန်းလိုင်းကြိုးဖြင့်သုံးနိုင်သည့် အေဒီအက်စ်အယ်လ်စနစ်၊ Prepaid card စနစ်နဲ့ Broadband Wimax စနစ်တို့ဖြစ်ကာ အခုဝိုင်ဖိုင်စနစ်မှာ နောက်ဆုံးအသုံးပြုခွင့်ပေးသည့် စနစ်ဖြစ်သည်။

# ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ရန်ကုန်တိုင်းအတွင်း စတင်ကောက်ခံ

**NEJ ၊ ဒီဇင်ဘာ ၁၁ ။** ။ ရန်ကုန်တိုင်းအတွင်းမြို့နယ်တချို့တွင် လာမယ့်ရွေးကောက်ပွဲအတွက် အသက် ၁၈ နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်စာရင်းများ စတင်ကောက်ခံနေပြီဖြစ်ကြောင်း မြို့ခံများကပြောပါတယ်။

"ကျနော်တို့ဆီမှာ ရာအိမ်မှူးတွေက အိမ်တွေကိုလိုက်ပြီးနှိုးဆော်တယ်။ လူတိုင်းကိုယ့်အိမ်ထောင်စုစာရင်း ပုံစံစာရွက်ယူပြီး ရပ်ကွက်ရုံးမှာစာရင်းသွားပေးကြပါလို့ ဆိုတယ်။ အဲဒါ အိမ်ထောင်စုစာရင်းကိုင်ပြီးသွားတော့ အသက် ၁၈ နှစ်ပြည့်ပြီးသူတွေ စာရင်းကိုယူတယ်။ နောက် အဖေ အမေ နာမည်တွေပေးရတယ်။ ဘာလုပ်ဖို့ဒီစာရင်းကောက်တာလဲမေးတော့ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအတွက် အသက် ၁၈ နှစ်ပြည့်တဲ့ မဲဆန္ဒပေးနိုင်သူ စာရင်းကောက်နေတာလို့ပြောတယ်။" လို့ လှိုင်မြို့နယ် ၇ ရပ်ကွက်မှာနေထိုင်သူတဦးက ပြောပါတယ်။

အလားတူ တောင်ဒဂုံတွင်နေထိုင်သူတဦးက ၎င်းတို့ရပ်ကွက်တွင် ရအဖနဲ့ရာအိမ်မှူးများ တအိမ်တက်ဆင်းစာရင်းကောက်ပြီး အိမ်ထောင်စုစာရင်းတောင်းကြည့်ကာ အသက် ၁၈ နှစ်ပြည့်ပြီးသူတို့ရဲ့ အမည်၊ မိဘအမည်စသဖြင့် စာရင်းယူကြောင်းပြောပါတယ်။ ဆက်လက်ပြီးသူက

"လူဦးရေအိမ်ထောင်စုစာရင်းကောက်တာ လဝက အလုပ်မဟုတ်ဘူး။ ခင်ဗျားတို့က ဘာကြောင့်လာကောက်တာလဲလို့မေးတော့ ရွေးကောက်ပွဲအတွက် မဲပေးနိုင်သူစာရင်းပြုစုနေတာလို့ ပြောတယ်။" လို့ ဆိုပါတယ်။

နအဖ စစ်အစိုးရရဲ့ အဆင့်ဆင့်ညွှန်ကြားချက်များအောက်တွင် အခုလို ရပ်ကွက်အချို့အတွင်း စာရင်းကောက်သော်လည်း အချို့ရပ်ကွက်များတွင်မူ မကောက်သေးကြောင်း စုံစမ်းသိရှိရပါတယ်။ အလားတူ ၈၈ မျိုးဆက်ကျောင်းသားပြည်ထောင်စုမြန်မာနိုင်ငံအဖွဲ့မှ ဦးအေးလွင်ကလည်း လှိုင်မြို့နယ် ၅ ရပ်ကွက်ဘက်တွင် ရပ်ကွက်နေသူများကို ၎င်းတို့ဖွဲ့မည့်ပါတီထဲဝင်ရန် စည်းရုံးမှုများရှိနေပြီး မကြာခင်တရားဝင်စည်းရုံးရေးပွဲများ ကျင်းပပြုလုပ်မယ်လို့ ပြောဆိုနေကြောင်း ရပ်ကွက်နေသူများကပြောပါတယ်။

နအဖ စစ်အစိုးရသည် အခုလို အောက်ခြေလူစာရင်းပြုစုခိုင်းခြင်းတို့ လုပ်နေသော်လည်း နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ဆိုင်ရာ၊ ရွေးကောက်ပွဲများကျင်းပရေးဆိုင်ရာ ဥပဒေများကိုမူ တရားဝင်ထုတ်ပြန်ခြင်း မပြုလုပ်သေးပေ။ ယခုကိစ္စ ရန်ကုန်မြို့မှ ဝါရင့်သတင်းစာဆရာတဦးက နအဖ စစ်အစိုးရသည် ပြီးခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒပေးပွဲတုန်းကကဲ့သို့ လုပ်လာခြင်းဖြစ်ကြောင်း၊ အဆိုပါအချိန်က ဆန္ဒမဲပေးပွဲအဆင့်ဆင့်တွင် မည်သူကိုမှပါဝင်ခွင့်မပြုဘဲ ၎င်းတို့အာဏာပိုင်အဆင့်ဆင့်ကသာ လုပ်ချင်သလိုလုပ်သွားခဲ့ကြောင်း ပြောပါတယ်။

သူကပင်ဆက်ပြီး "ကုန်ကုန်ပြောရရင် တိုင်းနယ် ပြည်နယ်အလိုက် မဲစာရင်း၊ မြို့နယ်တမြို့နယ်ခြင်း၊ ရပ်ကွက်တခုခြင်း မဲရုံတခုခြင်း ဆန္ဒမဲအရေအတွက်တွေကိုတောင် လုံးဝထုတ်ဖော်ခြင်းမပြုခဲ့ဘူး။ အခုလည်း ၂၀၀၈ ကလုပ်ခဲ့သလို သူ့သဘောနဲ့သူ ထင်ရာစိုင်းလုပ်မယ့် အရိပ်လက္ခဏာမျိုးဖြစ်တယ်။" လို့ပြောဆိုပါတယ်။

စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ တွင်ရွေးကောက်ပွဲကျင်းပပေးမယ်လို့ ပြောဆိုနေသော်လည်း ရွေးကောက်ပွဲအပြီး တက်လာမယ့်အစိုးရအဖွဲ့သစ်ကို အာဏာလွှဲပေးပါ့မယ်။ ဒီအတွက်ပြင်ဆင်မှုများလုပ်နေပါတယ်ဆိုတဲ့ ကတိမျိုးပေးခြင်း လုံးဝမရှိသကဲ့သို့ ပြည်သူအများစုကလည်း လာမယ့်ရွေးကောက်ပွဲသည် စစ်အစိုးရကထင်ရာလုပ်ပြီး ၎င်းတို့ကိုယ်တိုင် ပုံစံတမျိုးဖြင့် ဆက်အုပ်ချုပ်သွားရန် လုပ်ကိုင်နေခြင်းသာဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြော ဆိုနေကြပါတယ်။

# လူ့အခွင့်အရေးနေ့ အခမ်းအနားကို အာဏာပိုင်များ တားဆီးပိတ်ပင်

**DVB। ဒီဇင်ဘာ ၉॥** ॥ ပဲခူးတိုင်း ပြည်မြို့မှာ ပြုလုပ်မယ့် လူ့အခွင့်အရေးနေ့ အခမ်းအနားကို အာဏာပိုင်တွေက တားမြစ်ပိတ်ပင်ခဲ့ပါတယ်။ ၆၁ နှစ်ပြည့် လူ့အခွင့်ရေးနေ့အခမ်းအနားကို ပြည်မြို့လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ယက် HRDP က ကိုလမင်းထွန်း (ခ) ကိုမင်းမင်းရဲ့ နေအိမ်မှာ ကျင်းပဖို့ စီစဉ်ထားတာပါ။

ဒီလူ့အခွင့်ရေးနေ့ အခမ်းအနားကျင်းပဖို့ အစီအစဉ်ကို သက်ဆိုင်ရာ အာဏာပိုင်တွေက ကြိုတင် အကြောင်းမကြားတဲ့အတွက် လုပ်ခွင့်မပေးတဲ့အပြင် အိမ်ရှင် ကိုမင်းမင်းကို ဒီမနက်ရုံးလာဖို့ မယကက မနေ့ညသန်းခေါင်ယံအချိန်မှာ စာပို့ခဲ့ပါတယ်။ မယကရုံးသွားခဲ့တဲ့ ကိုမင်းမင်းကို အာဏာပိုင်တွေက ထိန်းသိမ်းထားပြီး အခမ်းအနားဆက်မလုပ်ဖို့နဲ့ လူစုခွဲဖို့ ပြောတယ်လို့ HRDP အဖွဲ့ဝင်တဦးက ပြောပါတယ်။

“ကိုမင်းမင်းကို သူတို့ခေါ်ထားတဲ့ အချိန်မှာ မြို့နယ်မှူး ဦးကျော်ထွဋ်က ဒီမှာ လူစုကွဲသွားလို့ တယောက်မှမရှိတော့ရင် ပြန်လွှတ်ပေးမယ်လို့ ပြောတယ်။ သူတို့က ဖိအားပေးတဲ့အတွက် အခမ်းအနားမှာ ခုံတွေငှားထားတာ အခုပြန်ပို့လိုက်ရတယ်။ လူတွေလည်း တဖြည်းဖြည်း လူစုခွဲနေရတဲ့ အခြေအနေမျိုးရောက်နေတယ်။ အခုအချိန်အထိ အာဏာပိုင်တွေက အရှေ့မှာ စောင့်ကြည့်နေကြတုန်း။”

လူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပဖို့ ပြည်ကိုရောက်နေတဲ့ HRDP က ဦးမောင်မောင်လေး အပါအဝင် အခမ်းအနားလာသူတွေ အားလုံးပြန်သွားတော့မှ အာဏာပိုင်တွေက ကိုမင်းမင်းကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ပြန်လွှတ်လာတဲ့ ကိုမင်းမင်းက …

“စောစောကပဲ ပြန်ရောက်ပါတယ်။ ကျနော့်ကို ခေါ်တဲ့ကိစ္စက အခမ်းအနားတွေ ကျင်းပခွင့်မရှိပါဘူးတဲ့။ အခမ်းအနားကျင်းပရင် သူတို့ကို ကြိုတင်ပြီး အကြောင်းကြားရပါတယ်တဲ့။ အဲဒါဆိုရင် လျှောက်လွှာလည်းပါတယ်။ ကျနော် အခုတင်ပါတယ်။ လုပ်ပေးပါဆိုတော့ သူတို့က အထက်ကို အဆင့်ဆင့်တင်ပြရပါဦးမယ် ပြောတယ်။ ဒီနေ့မနက် အခမ်းအနားမလုပ်နိုင်အောင်လို့ ရှင်းရှင်းပြောရင် လူကို ပြန်ပေးဆွဲလိုက်တာပဲ။”

ဒီနေ့ အခမ်းအနားကို အနည်းဆုံး လူ ၃၀၀ နီးပါး ဖိတ်ကြားထားပြီးမှ အစီအစဉ်ပျက်သွားရတဲ့အပေါ် HRDP က ဦးမောင်မောင်လေးက ပြောပါတယ်။

“ကျနော်တို့ HRDP အတွက်တင် မဟုတ်ပါဘူး၊ ကျနော်တို့နိုင်ငံသားတွေအားလုံးအတွက် အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ဖြစ်ရပ်ပါ။ လူ့အခွင့်အရေးနေ့ဆိုတာက နိုင်ငံတကာနဲ့ပတ်သက်သော ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကြီးကို ကျနော်တို့နိုင်ငံနဲ့ နိုင်ငံတကာအားလုံးက အတည်ပြု လက်ခံထားခဲ့ကြတယ်။“

မှင်မခြောက်သေးတဲ့ အာဆီယံ ချာတာထဲမှာ အာဆီယံဒေသအသီးသီးမှာ အခြေခံလူ့အခွင့်အရေးများနဲ့ လွတ်လပ်ခွင့်များကို ပိုမိုမြှင့်တင် ဆောင်ရွက်ကြရန်ဆိုတဲ့ အပိုဒ်တဆက်တည်းမှာပဲ ၈–၈–၂၀၀၈ ကြေးမုံသတင်းစာမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၄၁ နှစ်မြောက် အာဆီယံအစည်းအဝေးကို ပေးပို့တဲ့ သဝဏ်လွှာမှာ အာဆီယံချာတာကြီးဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံးရဲ့ အခြေခံဥပဒေတရပ်ဖြစ်ပါတယ်။

“အာဆီယံ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း တည်ထောင်တဲ့ နေရာမှာ အာဆီယံနိုင်ငံသားတွေအားလုံး အာဆီယံရည်ရွယ်ချက်ကြီး အောင်မြင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်လို့ ပြောထားပါတယ်။ ဦးဆောင်လုပ်နေတဲ့ပုဂ္ဂိုလ်များရဲ့လမ်းညွှန်ချက်အပေါ် ဆန့်ကျင်ပြီး ယနေ့ နိုင်ငံတကာလူ့အခွင့်အရေးနေ့အခမ်းအနားကြီးကို ပျက်သုဉ်းအောင် တားဆီးတဲ့ကိစ္စက အာဆီယံနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံ အားလုံးအတွက် အရှက်ရစရာ ကိစ္စတခုဖြစ်ပါတယ်။”

မနေ့က အာဏာပိုင်တွေတားမြစ်ခဲ့တဲ့ ရောဝတီတိုင်း ပုသိမ်မြို့လူ့အခွင့်အရေးအခမ်းအနားက ဒီနေ့ အောင်အောင်မြင်မြင်နဲ့ပြီးဆုံးခဲ့ပေမယ့် အခမ်းအနားတက်ရောက်သူတွေကို အာဏာပိုင်တွေက စစ်ဆေးမေးမြန်းတာ၊ တက်ရောက်သူတွေရဲ့စာရင်းယူသွားတယ်လို့ အခမ်းအနားကျင်းပသူတွေက ပြောပါတယ်။

လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားနဲ့ စကားပိုင်းတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအပါအဝင် ဘိုကလေး၊ သုံးခွနဲ့ပဲခူးမြို့တွေမှာ ကျင်းပခဲ့ကြပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေထဲက လူအများကြုံတွေ့ရတဲ့ အချက်တချို့ကို ဘိုကလေးမြို့ HRDP က ဒေါ်မြင့်မြင့်မူက ရှင်းပြပါတယ်။

“လူ့အခွင့်အရေး ချိုးဖောက်ခံရတာ အသေးစိတ်ကအစပြောရရင် မိမိရဲ့နေအိမ်အတွင်းမှာ ဝင်လာတဲ့ အဓမ္မကောက်ခံကြေးတွေက စီးပွားရေးကျပ်တည်းနေတဲ့ကာလမှာ ပြည်သူလူထုရပိုင်ခွင့် အခွင့်အရေးတွေကို ချိုးဖောက်ခံနေရတယ်။ မီးကြေးဆိုတာ မီးသတ်ရှိတယ်။ မီးသတ်မှာပဲ တာဝန်ရှိတယ်။ ကင်းကြေးဆိုတာ ကလုံခြုံရေးရှိတယ်။ လုံခြုံရေးမှာတာဝန်ရှိမယ်။“

အန်တီတို့ကဒီလိုဟာတွေ ပေးစရာမလိုဘူး။ ဒါပေမယ့် လူတော်တော်များများဟာ အခွင့်အရေးတွေချိုးဖောက်ခံနေရတယ်။ တောမှာ လယ်သမားတွေ၊ မသိနွမ်းပါးတဲ့ ပြည်သူတွေကို လယ်ယာမြေသိမ်းတာတွေက ပစ္စည်းမဲ့လူတန်းစားတွေများလာတယ်။ ဒါမျိုးတွေက လူ့အခွင့်အရေးချိုးဖောက်ခံရတာတွေ ဖြစ်တယ်။”

လူ့အခွင့်ရေးနေ့အထိမ်းမှတ် HRDP ကအချက် ၄ ချက်ပါကြေညာချက်တစောင် ထုတ်ပြန်ခဲ့တာကို ပုသိမ်မြို့ HRDP ဦးသက်လွင်က ဖတ်ပြပါတယ်။

“၁ ॥ နိုင်ငံသူ နိုင်ငံသားများဟာ အာဆီယံ ပဋိညာဉ်စာတမ်းပါ အခြေခံလူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို အမှန်တကယ်ပိုမိုမြှင့်တင် ကာကွယ်ဆောင်ရွက်ခွင့်ပြုရန်။ ၂ ॥ အခြေခံလူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များအား ထိန်းချုပ်ကန့်သတ်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေအမိန့်များအား ပြန်လည်ရုပ်သိမ်းပေးရန်။ “၃ ॥ လက်ရှိ အာဏာရယူထားသည့် အစိုးရနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ အားလုံးတို့သည် ဒီမိုကရေစီစနစ်သို့ ချဉ်းကပ်ရာတွင် ဆောင်ရွက်လျှက်၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကိစ္စအရပ်ရပ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းပါအချက်များပေါ်တွင် အခြေခံဆောင်ရွက်ရန်။ (၄) လူ့အခွင့်အရေး လှုပ်ရှားမှုဆောင်ရွက်သူများနှင့် နိုင်ငံရေးယုံကြည်မှုအရ လှုပ်ရှားဆောင်ရွက်သဖြင့် အကျဉ်းကျခံထားရသူများအား ချွင်းချက်မရှိ ပြန်လည်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။”

လူ့အခွင့်အရေးနေ့ အခမ်းအနားတွေ မလုပ်ဖို့ တားမြစ်နေသလို လူ့အခွင့်အရေး လှုပ်ရှားသူ ဦးမြင့်အေးအပါဝင် ၂၄ ဦးကိုလည်း အာဏာပိုင်တွေက ဖမ်းဆီးထောင်ချထားပါတယ်။

# နာဂစ်ဒေသ လမုတောများပြန် စိုက်ပျိုး

**DVB। ဒီဇင်ဘာ ၇॥** ॥ နာဂစ်မုန်တိုင်းဒဏ် ဆိုးဆိုးရွားရွားခံခဲ့ရတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ လမုတောတခုစိုက်ပျိုးဖို့ ဖရီဒါ ခေါ် မြန်မာ့သစ်တောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနနဲ့ ဂျာမဏီနိုင်ငံက အန်ဂျီအိုအဖွဲ့တခုတို့ ပူးတွဲစီစဉ်နေကြောင်း ဖရီဒါကို ကိုးကားပြီး ဆင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သဘာဝပတ်ဝန်းကျင်အခြေခံခရီးသွားလုပ်ငန်းတိုးတက်လာဖို့ ရည်ရွယ်တာဖြစ်ပြီး ကျောင်းသားတွေအတွက် ရုက္ခဗေဒသုတေသနလုပ်နိုင်မယ့် သစ်တောတခုလည်း ပါဝင်မှာဖြစ်ပါတယ်။ တခြားအန်ဂျီအို ၁၇ ခုကလည်း ရခိုင်ပြည်နယ် နတ်မြစ်နဲ့တနင်္သာရီတိုင်း မြိတ်ကျွန်းစုမှာ လမုတောစိုက်ဖို့စီစဉ်နေပြီး မုန်တိုင်းဒဏ် ကာကွယ်နိုင်ဖို့ရည်ရွယ်တယ်လို့ သိရပါတယ်။ ကီလိုမီတာ ၂၅,၀၀၀ ရှည်တဲ့ ပင်လယ်ကမ်းရိုးတန်းတလျှောက် လမုတောစီမံကိန်းအတွက် ပထမအဆင့် နိုင်ငံတကာအကူအညီ အမေရိကန်ဒေါ်လာ ၅ သိန်းရထားပြီး လာမယ့်နှစ်မှာ စတင်အကောင်ထည်ဖော်မယ်လို့ ဆိုပါတယ်။ လာမယ့် ၅ နှစ်နဲ့ ၁၀ နှစ်စီမံကိန်းအတွက် ပြင်သစ်အန်ဂျီအိုတခုကလည်း ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းဒေသမှာ အကူညီပေးနေပြီး လမုတောဟက်တာ တသောင်းခွဲအတွက် အမေရိကန်ဒေါ်လာ ၉ သိန်းကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။

## သတင်းပြက္ခဒိန်

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဒီဇင်ဘာ ၇၊ S.H.A.N.** ။ ။ တရုတ်သို့ သဘာဝဓာတ်ငွေ့ပို့ ပိုက်လိုင်းတည်ရန် နအဖသည် ရှမ်းပြည်တွင် ဆန္ဒခံယူမည်။

**ဒီဇင်ဘာ ၈၊ Los Angeles Times** ။ ။ အီတလီမှ Fiat ပိုင် အမေရိကန်ကားကုမ္ပဏီ Chrysler သည် ကားကြော်ငြာရုပ်ရှင်ကို ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုထားကာ သူမအား ချက်ချက်းလွှတ်ရန်တောင်းဆို၏။

**ဒီဇင်ဘာ ၉၊ Irrawaddy** ။ ။ နိုင်ငံရေးမတည်ငြိမ်ဖြစ်နေသောထိုင်းသည် မြန်မာ၏လက်နက်နှင့်စစ်အင်အားဖြည့်မှုကြောင့် အခြိမ်းခြောက်ခံနေရကြောင်း ဘန်ကောက်မြို့တော်ဝန် Sukhumbhand Paribatra မှဆို၏။

**ဒီဇင်ဘာ ၉၊ DVB** ။ ။ တပ်များအား စစ်သားစုဆောင်းရန် ငွေစသည်ဖြင့်များနေ၍ မြန်မာတွင် လူမမယ်စစ်သားဦးရေ တိုးပွားလျက်ရှိကြောင်း။

**ဒီဇင်ဘာ ၉၊ Rtrs** ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ နအဖထံစာကို လူသိရှင်ကြားထုတ်ပြန်ခဲ့မှုအတွက် ရိုးသားမှုမရှိဟု နအဖမှဆို၏။

**ဒီဇင်ဘာ ၉၊ RGN-AP** ။ ။ ဒေါ်အောင်ဆန်းစုကြည်အား နအဖကိုယ်စားလှယ် ဆက်သွယ်ရေးဝန်ကြီးအောင်ကြည်တို့သည် ယနေ့ ၄၅ မိနစ်ခန့် တွေ့ဆုံဆွေးနွေးခဲ့၏။

**ဒီဇင်ဘာ ၉၊ Sydney Morning Herald** ။ ။ ယနေ့လူ့အခွင့်အရေးနေ့တွင် မြန်မာအပေါ် ဩစတြေးလျားသည် ကန့်သတ်ရွေးချယ်ပိတ်ပင်မှု စိုင့်ရှင်များကိုကျင့်သုံးရန် နိုင်ငံသဘောထားမှုများ ပြန်လည်သုံးသပ်သင့်ကြောင့် AltASEAN မှ Debbie Stothard မှ တိုက်တွန်းသုံးသပ်၏။

**ဒီဇင်ဘာ ၉၊ SPR-AFP** ။ ။ မြန်မာစစ်အုပ်ချုပ်ရေးအဖွဲ့နှင့် ပိတ်ပင်ရေးအစားဆွေးနွေးရန် ဝါရှင်တန်မှကမ်းလှမ်းခဲ့သော်လည်း နအဖသည် ဒီမိုကရေစီဖက်လှမ်းမှုအရိပ်အရောင်မတွေ့ရသေးဟု အမေရိကန်၏ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဒုလက်ထောက်တာဝန်ခံ Scot Maciel မှဆို၏။

**ဒီဇင်ဘာ ၁၀၊ NUSA DUA, Indonesia** ။ ။ ဘာလီဒီ၏မိုကရေစီဖိုရမ် ယနေ့စတင်ရာ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဂျပန်တို့တွင် ဒီမိုကရေစီဆံသော်လည်း တရုတ်၊ မြန်မာနှင့် မြောက်ကိုးရီးယားတို့တွင် လိုသေးကြောင်း တက်ရောက်သူ ဂျပန်ဝန်ကြီးချုပ် Yukio Hatoyama မှဆို၏။

**ဒီဇင်ဘာ ၁၀၊ Mizzima** ။ ။ အိန္ဒိယတွင် ဒုက္ခသည်ဆိုင်ရာဥပဒေမပြည့်စုံ၍ အိန္ဒိယရောက်မြန်မာမှ ချင်းဒုက္ခသည်များသည် လူသားချင်းခွဲခြားမှုများစွာခံနေရကြောင်း Refugees International မှ ယနေ့လူ့အခွင့်အရေးနေ့တွင် ထုတ်ပြန်၏။

**ဒီဇင်ဘာ ၁၀၊ Irrawaddy** ။ ။ နအဖနှင့်တတိယအကြိမ် ဦးအောင်ကြည်နှင့် တွေ့ပြီးနောက် အဲန်အဲလ်ဒီသည် အားတက်သရွှယ်ရှိသော်လည်း သတိထားနေကြောင်း။

**ဒီဇင်ဘာ ၁၀၊ Irrawaddy** ။ ။ နအဖမှ ထိန်းသိမ်းခဲ့သော သတင်းစာဆရာအချို့သည် နိုင်ငံခြားရေးရာ Foreign Affairs နှင့် Weekly Eleven စသည့် စာစောင်များမှ အလုပ်ပြန်မပေး၍ ယခင်အလုပ်များ ပြန်မရကြောင်း။

**ဒီဇင်ဘာ ၁၀၊ Mizzima** ။ ။ မြန်မာသည် သတင်းစာဆရာများကို ဖမ်းချုပ်မှုတွင် ကမ္ဘာတွင် နံပတ် ၅ လိုက်ကြောင်း Press Freedom Watch မှဆို၏။

**ဒီဇင်ဘာ ၁၀၊ DVB** ။ ။ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ပြုပြင်ရေးသမားများ၏ အေးဆေးတည်ငြိမ်သောဂုဏ်သိက္ခာတွေကို အမေရိကန်ပြည်ထောင်စုအနေနှင့် တလေးတစားနှင့် စောင့်ကြည့်သွားရမှာဖြစ်ကြောင်း အမေရိကန်သမတ Barack Obama က ဒီကနေ့ပြောကြားသည့် နိုဘယ်လ်ငြိမ်းချမ်းရေးဆုလက်ခံသောမိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားကြောင်း။

**ဒီဇင်ဘာ ၁၀၊ DVB** ။ ။ ၂၀၁၀ ရွေးကောက်ပွဲ ဒီမိုကရေစီရေးရာလှုံ့ဆော်မှုများကို အပတ်တကုတ်ကြိုးပမ်းမည်ဟု မြန်မာအမျိုးသမီးအဖွဲ့ပေါင်းချုပ် WLB မှ ဆို၏။

**ဒီဇင်ဘာ ၁၁၊ WTN-AFP** ။ ။ မြန်မာမွေးအမေရိကန်နိုင်ငံသား ကျော်ဇောလွင် ခ ညီညီလွင်သည် အကျဉ်းထောင်တွင်း နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေ ပိုမိုကောင်းရေးအတွက် မေ ၄ မှစ၍ အစာငတ်ခံဆန္ဒပြနေရာ ကျန်းမာရေးချို့တဲ့လျှက်ရှိကြောင်း။ အမှုကိုရက်ချိန်းပေးခဲ့ပြီး အမေရိကန်သံရုံးမှလည်းတွေ့ခွင့်မရကြောင်း သူ၏ အမေရိကန်အခြေစိုက်ရှေ့နေ Beth Schwanke မှဆို၏။

**ဒီဇင်ဘာ ၁၁၊ BRUSSELS** ။ ။ ၂၀၁၀ ရွေးကောက်ပွဲအတွက် နအဖ၏ ၂၀၀၈ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ နအဖသည် အာဏာလွှဲပေးရန် ရည်ရွယ်ချက်မရှိ၊ ယခင်စစ်အစိုးရအဆက်ဆက်လို အာဏာမြဲရေးသာရည်ရွယ်နေကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်အလုပ်သမားသမဂ္ဂများအဖွဲ့ ITUC ၏ ကြေညာစာတမ်းမှဆို၏။

**ဒီဇင်ဘာ ၁၁၊ ANI** ။ ။ အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ သီရိလင်္ကာ၊ ထိုင်းတို့ပါသော BIMSTEC ညီလာခံကို အလှည့်ကျသဘာပတိနိုင်ငံမြန်မာမှ နေပြည်တော်တွင် ယနေ့စတင်ကျင်းပ၏။

**ဒီဇင်ဘာ ၁၁၊ EarthTimes** ။ ။ တရုတ်ဒုသမတသည် ဒီဇင်ဘာ ၁၉–၂၀ တွင် မြန်မာသို့လာ၍ ၂၀၁၀ ရွေးကောက်ပွဲရေးရာ ဆွေးနွေးဖွယ်ရှိကြောင်း။

**ဒီဇင်ဘာ ၁၁၊ Mizzima** ။ ။ မြန်မာ့ရေနံရှာဖွေရေးအား ကုန်သွယ်ပိတ်ပင်စိုင့်ရှင်စာရင်းသွင်းရန် ဩစတြေးလျားအား ဘားမားကင်ပိန်း–ဩစတြေးလျားမှတိုက်တွန်း၏။

**ဒီဇင်ဘာ ၁၁၊ Mizzima** ။ ။ မြန်မာအရေး ကုလသံတမန်များစွာမအောင်မြင်ခဲ့ရာ ဘန်ကီမွန်းသည်ကိုယ်တိုင်ကိုင်တွယ်သင့်ဟု ဘားမားကင်ပိန်း–ယူကေမှ တိုက်တွန်း၏။

**ဒီဇင်ဘာ ၁၁၊ Irrawaddy** ။ ။ အဆင့်မြင့် တရုတ်စစ်အရာရှိ ဗိုလ်ချုပ် Ai Husheng သည် နေပြည်တော်တွင် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဆွေးနွေးခဲ့ကြောင်း သူတရုတ်သို့ပြန်ပြီးနောက်တနေ့တွင် မြန်မာသတင်းစာများမှ ဖော်ပြ၏။

**ဒီဇင်ဘာ ၁၁၊ DVB** ။ ။ ဗြိတိန်အစိုးရ၏ နိုင်ငံခြားရေးနှင့် ဓနသဟာရရုံး FCO သည် ဘားမားကင်ပိန်း–ယူကေ၊ လူ့အခွင့်အရေးအဖွဲ့ HRW, အကျဉ်းသားများကိုယ်စားပြုအဖွဲ့ AAPP တို့နှင့် ညှိ၍ အပတ်စဉ် မြန်မာနိုင်ငံရေးအကျဉ်းသား ၂၁၀၀ ၏ အကြောင်းတပတ်လျှင် တယောက်အကြောင်း ပြောကြားမည်။

**ဒီဇင်ဘာ ၁၁၊ DVB** ။ ။ ကျော်ဇောလွင်သည် ကင်ဆာဖြစ်နေသော မိခင်အိုအားတွေ့ရန် ပြန်လာခြင်းဖြစ်ကြောင်း သူ၏ဇနီးမှ ယနေ့ Nation သတင်းစာတွင်ရေး၏။ ညီညီအောင် ခ ကျော်ဇောလွင်သည် အကြမ်းမဖက်ဆန္ဒပြတတ်သူဖြစ်ပြီး နအဖသည် မိမိတို့လုပ်ရပ်ကို ထောက်ခံရန်ပြောချင်တာ ပြောနေကြဖြစ်ကြောင်းဆို၏။

**ဒီဇင်ဘာ ၁၁၊ DVB** ။ ။ ကမ္ဘာ့လုပ်သားအဖွဲ့ သို့ တိုင်ကြားခဲ့သူ လယ်သမားသားအဖ ဉာဏ်အောင်နှင့်အောင်ဆန်းတို့သည် ထောင် ၇ နှစ်စီကျသွားကြောင်း။

**စာမျက်နှာ ၁၃ သို့**

# လိုင်စင်မဲ့ ဆိုင်ကယ်တွေကို လိုင်စင် စလုပ်ပေးပေမယ့် စိတ်ဝင်စားသူနည်း

**DVB ၊ ဒီဇင်ဘာ ၇ ။** ။ အခုလ ၁ ရက်နေ့ကစပြီး လိုင်စင်မဲ့ ဆိုင်ကယ်တွေကို တနိုင်ငံလုံးသွားလာလို့ရတဲ့ လိုင်စင် စတင်လုပ်ပေးနေပေမယ့် စိတ်ဝင်စားသူ နည်းပါးနေပါတယ်။

တရားမဝင် ဆိုင်ကယ်တွေကို တနိုင်ငံလုံးသွားလာနိုင်အောင် လိုင်စင်လုပ်ပေးတာ တပတ်အတွင်းမှာ လာလုပ်သူတွေ ဆယ်ဂဏန်းသာရှိသေးတယ်လို့ နယ်စပ်မြို့တာချီလိတ်နဲ့ မော်လမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန ကညနရုံးတွေက ပြောပါတယ်။

"အယောက်ပေါင်း လေးငါးဆယ်လောက်ရှိတယ်။" အခုရရှိမယ့် လိုင်စင်နံပါတ်ကတော့ ၁၇ "ယ" ဖြစ်ပြီး ရန်ကုန်စည်ပင်သာယာနယ်နိမိတ်နဲ့ နေပြည်တော်ကလွဲပြီး တနိုင်ငံလုံးသွားလာနိုင်မှာဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ ကော့သောင်းမြို့မှာဆိုရင် အခုချိန်ထိလာရောက်လုပ်တဲ့သူ မရှိသေးဘူးလို့ ကော့သောင်း ကညနရုံးကပြောပါတယ်။ ကော့သောင်းမြို့က လိုင်စင်မဲ့ ဆိုင်ကယ်လက်ဝယ်ရှိသူ တဦးကတော့ အခုကောက်ယူတဲ့ လိုင်စင်ကြေးဟာ မြင့်မားလွန်းပြီး ရေတိုသာလုပ်ပေးတဲ့အတွက် လိုင်စင်လုပ်သူနည်းတယ်လို့ပြောပါတယ်။

"ဆိုင်ကယ်တစီးထက်တောင်မှ နှုန်းထားက များတယ်ဆိုတော့ တော်တော်များများလုပ်ကြမှာ မဟုတ်ဘူး။ ဒီဖက်က အရောင်းအဝယ်လုပ်နေတဲ့ သူတွေတော့ လုပ်ကောင်းလုပ်နိုင်တယ်ပေ့ါ။ ဂျူတီက အမြဲတမ်းလုပ်ပေးမှာမှ မဟုတ်တာ၊ ထိ ရောက်တဲ့အပိုင်းလည်း ရှိမှာမဟုတ်ဘူးလေ၊ လုပ်ရင်တော့ ပုံစံတမျိုးပေ့ါ။"

ဆိုင်ကယ်တစီးရဲ့ ကာလပေါက်ဈေးအပေါ်မူတည်ပြီး အကောက်ခွန်၊ ရွှေယူဒဏ်ငွေနဲ့ ကုန်သွယ်ခွန်စတဲ့ ဌာနအတွက်အခွန်ဆောင်သွားရမှာဖြစ်ပါတယ်။ ၂၀၀၆ ကနေ ၂၀၁၀ ထွက် ဆိုင်ကယ်တွေဆိုရင် အင်ဂျင်အား ၉၀ စီစီကို ၃ သိန်း ၅ သောင်းကျော်၊ ၁၁၀ စီစီကို ၄ သောင်း ၄ ထောင်ကျော်၊ ၁၂၅ စီစီက ဖြ သိန်း ၅ သောင်းလောက် ကုန်ကျမှာဖြစ်တယ်လို့ ကညန က ကြေညာထားပါတယ်။ ဘာကြောင့် ဆိုင်ကယ်လိုင်စင် မြင့်ရလည်းလို့ မေးမြန်းရာမှာတော့ မော်လမြိုင် ကညနရုံးက အရာရှိတဦးက အခုလို ပြောပြပါတယ်။

"ဒေါ်လာဈေးကို အတက်အကျအပေါ်မှာ မူတည်ပါတယ်။ ဒေါ်လာဈေး လျှော့သွားရင် ကျသွားမှာပေ့ါ၊ အခုပေးနေတာက လိုင်စင်မဲ့ ပေးနေတာပါ၊ ၁၇/ယ ပေးထားတယ်၊ တနိုင်ငံလုံး သွားလာလို့ရတယ်။"

လိုင်စင်စလုပ်ပေးတဲ့ နေ့ကစပြီး တာချီလိတ်တစ်ဘက်ကမ်း ထိုင်းနိုင်ငံမယ် ဆိုင်မြို့မှာ ဆိုင်ကယ်ဈေးခုန်တက်သွားတယ်လို့ မယ်ဆိုင်မြို့က စီးပွား ရေးသမားတဦးက ပြောပါတယ်။

"အခုလို ဆိုင်ကယ်တွေ ဗမာပြည်ဖက်မှာ လိုင်စင်တွေ ပေးတယ်ဆိုတော့ ဒီဖက်မှာ ဈေးတွေက တက်ပြန်တယ်၊ တက်သွားတော့ ဖြ သောင်းနီးပါးလောက်ဖြစ်နေပြီး ဆိုင်ကယ်တစီးကို လိုင်စင်ဆောင်လိုက်မယ်ဆိုရင် ၈ သောင်း နီပါးလောက်ဖြစ်သွားမယ်လေ၊ အဟောင်းဆိုင်ကယ်တွေဖြစ်တဲ့ ၉၇–၉၈ တို့ကလည်း ဈေးတွေ တက်လာတယ်။"

သူပြောသွားတဲ့ဈေးနှုန်းတွေကတော့ ဘတ်ငွေဈေးနှုန်းကို ပြောတာဖြစ်ပါတယ်၊ အထူးသဖြင့် ဟွန်ဒါဒရင်း အမျိုးအစား ဆိုင်ကယ်တွေ ဈေးနှုန်းခုန်တက်နေတာပါ။ ဒါပေမယ့် ဝယ်သူသိပ်မရှိဘူးလို့ သူက ဆက်ပြောပါတယ်။ မနှစ်တုန်းက တိုင်းနဲ့ပြည်နယ်အတွင်း စီးခွင့်ထုတ်ပေးတဲ့ လိုင်စင်တွေသက် တမ်းကုန်ရင် ၁၇ ယနဲ့ ပြောင်းတော့မယ်ဆိုတဲ့ အတည်မပြုနိုင်သေးတဲ့ သတင်းတွေထွက်နေပါတယ်။ ကညန စာရင်းအရ လက်ရှိတနိုင်ငံလုံးမှာ ဆိုင်ကယ်စီးရေ ၁ သန်း ဖြ သိန်းကျော်ရှိတယ်လို့ ဖော်ပြထားပါတယ်။

---

# ကိုးကန့်အဖွဲ့ကို အမှတ် ၁၀၀၆ နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းလိုက်ပြီ

**DVB ၊ ဒီဇင်ဘာ ၅ ။** ။ နအဖစစ်အုပ်စုရဲ့ တောင်းဆိုချက်အတိုင်း နယ်ခြားစောင့်တပ် ဖွဲ့လိုက်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်အဖွဲ့ရဲ့ တပ်ဖွင့်ပွဲအခမ်းအနားကို မနေ့က ကျင်းပပါတယ်။

ဖုန်ကြားရှင်၊ ဖုန်ကြားဖူး ညီအစ်ကို ခေါင်းဆောင်ခဲ့တဲ့ မြန်မာလူမျိုးစုများ ဒီမိုကရေစီတပ်ပေါင်းစု တပ်မတော် MNDAA အဖွဲ့ကို ပြီးခဲ့တဲ့ ဩဂုတ်လမှာ ဖယ်ရှားတိုက်ထုတ်လိုက်ပြီးတဲ့နောက် ပယ်စောက်ချိန်ဦးဆောင်တဲ့ ကိုးကန့်ယာယီဦးစီးကော်မတီအဖွဲ့ Kokang Provisional Leading Committe ကို အမှတ် (၁၀၀၆) နယ်ခြားစောင့်တပ်ရင်းတရင်းအဖြစ် နအဖစစ်အုပ်စုက ဖွဲ့စည်းပေးလိုက်ပါတယ်။ ဒီတပ်ဖွင့်ပွဲ စစ်ရေးပြအခမ်းအနားနဲ့ ရာထူးအဆင့်အပ်နှင်းပွဲကို စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်နဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်တို့ဦးဆောင်တဲ့ မြန်မာစစ်အရာရှိတွေ တက်ရောက်ပါတယ်၊ ကိုးကန့်အဖွဲ့ဘက်က ကိုးကန့်ယာယီဦးစီးကော်မတီဥက္ကဋ္ဌပယ်စောက်ချိန်၊ ဒုဥက္ကဋ္ဌလူကွယ်ရှီးနဲ့ ရန်မိုးလျံတို့ တက်ရောက်ပါတယ်။ ကိုးကန့်အဖွဲ့က ရန်ရှောက်ချင်ဆိုသူကို ဗိုလ်မှူးအဆင့်အပ်နှင်းပြီး အမှတ် ၁၀၀၆ နယ်ခြားစောင့်တပ် တပ်ရင်းမှူးတာဝန်ပေးအပ်ပါတယ်၊ ဒုတပ်ရင်းမှူး (အုပ်ချုပ်ရေး) တာဝန်ကိုတော့ မြန်မာစစ်တပ်အမှတ် (၁၆) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်လက်အောက်ခံ ကွတ်ခိုင်အခြေစိုက် ခလရ (၂၄၁) က ဗိုလ်မှူးကျော်စွာထွန်းကို တာဝန်ပေးအပ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

ကိုးကန့်အဖွဲ့ MNDAA ဟာ ၁၉၈၉ မှာ ဗမာပြည်ကွန်မြူနစ်ပါတီက နေခွဲထွက်ခဲ့ပြီး နအဖစစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲခဲ့ပါတယ်။ ဖုန်ကြားရှင်ဦးဆောင်တဲ့ ဒီအဖွဲ့ဟာ ၂၀၀၈ ခုနှစ်ကတည်းက စစ်အစိုးရအဆိုပြုတဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ငြင်းပယ်လိုက်ပြီးတဲ့နောက် ပြီးခဲ့တဲ့ဩဂုတ်မှာ နအဖ စစ်အုပ်စုက ဖုန်ကြားရှင်မိသားစုနဲ့ နောက်လိုက် ကိုးကန့်တပ်ဖွဲ့တွေကို မူးယစ်ဆေးဝါးနဲ့လက်နက်စက်ရုံအကြောင်းပြပြီး တိုက်ထုတ်ဖြုတ်ချလိုက်ပါတယ်။ နောက်ပိုင်း ကိုးကန့်အဖွဲ့ရဲ့ ဒုဥက္ကဋ္ဌ ပယ်စောက်ချိန်နဲ့ အရင်ကိုးကန့်ခွဲထွက်အဖွဲ့ ခေါင်းဆောင်လည်းဖြစ်၊ ကုန်းကြမ်းမြို့နယ် ကိုးကန့်အသွင်ပြောင်း ရဲတပ်ဖွဲ့ ခေါင်းဆောင်လည်းဖြစ်တဲ့ ရန်မိုးလျံတို့ကို ပူးပေါင်းပေးလိုက်ပြီး "ကိုးကန့် ယာယီဦးစီးကော်မတီ" ကို ဖွဲ့စည်း ပေးခဲ့ပါတယ်။

ယခု လောက်ကိုင်ဒေသမှာရှိတဲ့ ကိုးကန့် လက်နက်ကိုင်အဖွဲ့တွေဟာ အမှတ် ၁၀၀၆ နယ်ခြားစောင့်တပ်ဖြစ်သွားပါပြီ။ ကိုးကန့်တပ်နည်းတူပဲ ကချင်ပြည်နယ်အတွင်းရှိ ကချင်ပြည် ဒီမိုကရေစီသစ်တပ်မတော် NDA-K အဖွဲ့ကိုလည်း ပြီးခဲ့တဲ့ နိုဝင်ဘာမှာ နယ်ခြားစောင့်တပ်ရင်း ၃ ရင်းအဖြစ် အသွင်ပြောင်းလိုက်ပြီဖြစ်ပါတယ်။ ကယားပြည်နယ်ထဲက ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး ကလလတ KNPLF အဖွဲ့ဟာလည်း နယ်ခြားစောင့်တပ်ရင်း ၂ ရင်းအဖြစ် အသွင်ပြောင်းသွားခဲ့ပါပြီ။

စစ်အုပ်စုနဲ့ ငြိမ်းချမ်းရေးသဘောတူထားတဲ့ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် KIA၊ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA၊ ရှမ်းပြည် အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် NDAA မိုင်းလားအဖွဲ့၊ ရှမ်းပြည်တပ်မတော် – မြောက်ပိုင်း SSA-N၊ မွန်ပြည်သစ်ပါတီ NMSP တို့ကတော့ နယ်ခြားစောင့်တပ်ဖွဲ့ရေးကို ယခုအထိ လက်မခံသေးပါ။



## ရန်ကုန်က ဆိပ်ကမ်းအတွက် ဂျပန်ကူညီ

ဂျပန်ရဲ့ JICA က နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့ရတဲ့ ရန်ကုန်မြို့မှာရှိတဲ့ ဗိုလ်တထောင်ဆိပ်ကမ်း ပြန်လည်တည်ဆောက်ဖို့အတွက် အကူအညီပေးဖို့ သဘောတူစာချုပ်ကို နအဖအာဏာပိုင်တွေနဲ့ချုပ်ဆိုလိုက်တယ်လို့သိရပါတယ်။ အဲဒါအပြင် ပျက်စီးသွားတဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဌာနရဲ့ ရုံးခွဲအဆောက်အဦးကိုလည်း ပြန်လည်ဆောက်လုပ်ပေးမှာဖြစ်ပါတယ်၊ JICA ဟာ မုန်တိုင်းသင့်ဒေသက ငါးလုပ်ငန်းပြန်လည်နာလန်ထူလာစေဖို့အတွက်လည်း အကူအညီပေးခဲ့ပါသေးတယ်။ **(XINHUA, 6.12.2009)**

## ကြပ်ပြေးဥမင်လှိုဏ်ခေါင်းပေါက်ကြားမှုတရားခံ

နအဖ ကြပ်ပြေးနေပြည်တော်က လျှို့ဝှက်ဥမင်လှိုဏ်ခေါင်းတည်ဆောက်တာနဲ့ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရုရှားနဲ့ မြောက်ကိုရီးယားကိုလျှို့ဝှက်သွားတဲ့ ခရီးက ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး သတင်းပေါက်ကြားမှုတွေမှာ တာဝန်ရှိတယ်လို့ စွပ်စွဲခံရတဲ့ စစ်တပ်အရာရှိတယောက်နဲ့ နိုင်ငံခြားရေးဌာနအရာရှိ ၂ ယောက်တို့ကို ရန်ကုန်မှာရုံးတင်စစ်ဆေးမှုတွေပြုလုပ်နေပြီလို့ သိရပါတယ်။ အဲဒီစွပ်စွဲခံရသူတွေဟာ သေဒဏ် သို့မဟုတ် ထောင်ဒဏ်တသက်ချမှတ်ခံရဖွယ်ရှိတယ်လို့ သိရပါတယ်။ **( RADIO AUSTRALIA, DVB, 2.12.2009)**

## ထိုင်းနိုင်ငံတည်ငြိမ်မှုထိပါးခံနေရ

ဘန်ကောက်မြို့ဝန် ဆူခွန်ဘန် ပရာဘီထရာ က ဒေသတွင်းမတည်ငြိမ်မှုတွေရဲ့ အဓိကရေသောက်မြစ်ဟာ မြန်မာစစ်အစိုးရက ကြီးမားတဲ့စစ်တပ်အင်အားကို ဖွဲ့စည်းထူထောင်ထားတာပဲဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။ ထိုင်းနိုင်ငံမှာ စစ်တပ်အင်အား ၄၃၀,၀၀၀ ရှိပါတယ်။ မြန်မာနိုင်ငံမှာ စစ်တပ်အင်အား ၅၀၀,၀၀၀ ကျော်ရှိတဲ့အတွက် ဒေသတွင်းမှာ အင်အားအကြီးမားဆုံးဖြစ်ပါတယ်။ မြန်မာအစိုးရက စစ်တပ်ကို ခေတ်မီတိုးတက်အောင်ဆိုပြီး အင်အားတိုးချဲ့လက်နက်တပ်ဆင်နေတာတွေက ဒေသတွင်းလက်နက်ပြိုင်ဆိုင်မှုတွေကိုဖြစ်စေတယ်လို့ ပြောဆိုခဲ့ပါတယ်။ **(IRRAWADDY, 9.12.2009)**

## မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကိုပြစ်ဒဏ်ခတ်

ဆစ်ဒနီအခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေတဲ့အဖွဲ့တဖွဲ့ဖြစ်တဲ့ Burma Campaign Australia က ဩစတြေးလျားအစိုးရက ပြစ်ဒဏ်ခတ်အရေးယူထားတဲ့ စီးပွားရေးလုပ်ငန်းတွေစာရင်းထဲမှာ နအဖလက်အောက်က မြန်မာ့ရေနံနဲ့ဓာတ်ငွေ့လုပ်ငန်းကိုလည်း ထည့်သွင်းဖို့ တောင်းဆိုလိုက်ပါတယ်။ မြန်မာပြည်သူတွေရဲ့အကျိုးအတွက် အဲဒီလုပ်ငန်းကို ငွေကြေးဆိုင်ရာပြစ်ဒဏ်ခတ်အရေးယူတဲ့စာရင်းထဲထည့်သွင်းဖို့နဲ့ ဩစတြေးလျား ကုမ္ပဏီတွေက အဲဒီလုပ်ငန်းကနေတဆင့် မြန်မာစစ်အစိုးရငွေကြေးအမြတ်အစွန်းရအောင် မလုပ်စေသင့်ဘူးဆိုပြီး တောင်းဆိုလိုက်တာဖြစ်ပါတယ်။ **(MIZZIMA, 11.12.2009)**

## ရခိုင်မှ ရေအားလျှပ်စစ်

မြန်မာစစ်အာဏာပိုင်တွေက ရခိုင်ပြည်နယ်တွင်းက ဆိုင်ဒင်၊ သူငွေးချောင်း၊ လေးမြို့မြစ်တွေမှာ ဒေါ်လာသန်း ၈၀၀ ကုန်ကျမယ့် ရေအားလျှပ်စစ်စက်ရုံ ၃ ရုံကို တည်ဆောက်မယ်လို့ဆိုပါတယ်။ ရခိုင်ပြည်တွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အခုလိုလုပ်တာလို့လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနက ပြောပါတယ်။ အသစ်ဆောက်မယ့်စက်ရုံတွေက ဓာတ်အားမီဂါဝပ် ဖ၈၇ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ရခိုင်ပြည်နယ်မှာသုံးစွဲနေတာက ၃၀ မီဂါဝပ်ပဲရှိတာမို့ ပိုတာတွေ တခြားဒေသတွေကို ဖြန့်ချိမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ မြန်မာစစ်အာဏာပိုင်တွေက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိစ္စကို အလေးပေးပြောဆိုလုပ်ကိုင်နေပေမဲ့ ဒီကနေ့ထက်တိုင်လုံလောက်မှုမရှိသေးပါဘူး။ **(XINHUA, 7.12.2009)**

## ဘာသာရေးပူးပေါင်းဆောင်ရွက်မှု

ဗီယက်နမ်အစိုးရနဲ့ နအဖတို့ကြားမှာ ဘာသာရေးပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်ကြမယ်လို့ သိရပါတယ်။ ဘာသာရေးဆိုင်ရာပေါ်လစီတွေ ရေးဆွဲရေးအတွက် အတွေ့အကြုံတွေဖလှယ် ဘာသာရေးကိစ္စတွေမှာ အစိုးရက စီမံခန့်ခွဲရေးအပိုင်းမှာ ပူးပေါင်းဆောင်ရွက်မှုတွေပိုလုပ်နိုင်ဖို့ နှစ်နိုင်ငံဘာသာရေးဆိုင်ရာဝန်ကြီးတွေက သဘောတူညီချက်တခုကို လက်မှတ်ရေးထိုးကြပါတယ်။ ဗီယက်နမ်ဟာ ဘာသာရေးလွတ်လပ်ခွင့်နည်းပါးတယ်လို့ ကမ္ဘာမှာနာမည်ကျော်သလို နအဖ ဟာလည်း ဘုန်းကြီးတွေကို ၂၀၀၇ မှာလူသိရှင်ကြားသတ်တဲ့သူဖြစ်လာခဲ့ပါတယ်။ **(VOICE OF VIETNAM, VOB, 7.12.2009)**

## ဒိန်းမတ်တွင်သိန်းစိန်ကိုဆန္ဒပြ

ဒိန်းမတ်နဲ့နော်ဝေးမှာရှိတဲ့ မြန်မာ့အရေးလှုပ်ရှားနေသူတွေဟာ ဒိန်းမတ်နိုင်ငံကိုပင် ဟောဂင်မှာကျင်းပတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံကို နအဖ ဗိုလ်ချုပ်ကြီးသိန်းစိန်လာတက်တဲ့အချိန်မှာ အီးယူအနေနဲ့မြန်မာပြည်အပေါ်ထားတဲ့ စုပေါင်းရပ်တည်ချက်ကို ပိုမိုခိုင်မာအားကောင်းအောင်လုပ်ဖို့နဲ့ အထူးချွင်းချက်တွေမထားဖို့တိုက်တွန်းခဲ့တဲ့အပြင် ဒီဇင်ဘာ ၈ ရက်နေ့မှာရောက်လာမယ့် နအဖ ဝန်ကြီးချုပ်ကို ကန့်ကွက်ဆန္ဒပြကြမယ်လို့ သိရပါတယ်။ နအဖ ဝန်ကြီးချုပ်ဟာ သွားလေရာအရပ်မှာ မြန်မာ့အရေးလှုပ်ရှားသူတွေရဲ့ ကန့်ကွက်ဆန္ဒပြတာတွေကို ခံနေရပါတယ်။ **(MIZZIMA, 7.12.2009)**

## တိုးတက်မှုမမြင်ရသေး

အမေရိကန်ပြည်ထောင်စုက မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်ဆက်ဆံမှုတွေပြုခဲ့တာ တလကျော်လာခဲ့ပေမဲ့ မြန်မာနိုင်ငံတွင်းမှာ ဒီမိုကရေစီရေးကိုဦးတည်တဲ့ အပြောင်းအလဲတိုးတက်မှုလက္ခဏာ မမြင်တွေ့ရဘူးလို့ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး စကော့မာစီယဲလ်က ပြောပါတယ်။ မြန်မာနိုင်ငံဘက်ပြောင်းလဲမှုတွေလုပ်တဲ့အခါ တိုးတက်မှုတွေဖြစ်ထွန်းလာလိမ့်မယ်လို့ စင်္ကာပူမှာပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲတခုမှာ အမေရိကန်အရာရှိက ပြောသွားပါတယ်။ နအဖ က အမေရိကန်ရဲ့ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းပေးဖို့တောင်းဆိုထားပြီး ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတမှုရှိအောင် ကျင်းပပါမယ်လို့ ဆိုပါတယ်။ အမေရိကန်က အားလုံးပါဝင်တဲ့ရွေးကောက်ပွဲဖြစ်ဖို့တောင်းဆိုထားသလို ဒီမိုကရေစီနည်းလမ်းကျဖို့ပြောဆိုထားပါတယ်။ (AFP, VOB, 9.12.2009)

# ရွှေဆိုင် လက်ရာမပျက်ဘဲ အခိုးခံရ သိန်းပေါင်းများစွာပျောက်ဆုံး

**DVB၊ဒီဇင်ဘာ ၄။** ။ စစ်အုပ်စုရုံးစိုက်ရာ နေပြည်တော် ပျဉ်းမနားမြို့က ရွှေဆိုင် တဆိုင်တွင် ကာလတန်းဖိုး သိန်းလေးထောင်ကျော်တဲ့ လက်ဝတ် ရတနာ ပစ္စည်းတွေ ပျောက်ဆုံးသွားပါတယ်။ ရွှေပျောက်ဆုံးမှုဖြစ်ပွားတဲ့ ရွှေဆိုင်ကတော့ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းက မြမြင့်မိုရ်ရွှေဆိုင်ဖြစ်ပါတယ်။

ပျောက်ဆုံးမှုကို ၃ ရက်နေ့ မနက်ပိုင်းမှာ သိရပြီး လက်ကောက် အကွင်း ၃၀၀ နဲ့ စိန်လက်စွပ် ၃၆ ကွင်း အပါအဝင် ကာလတန်းဖိုး သိန်းလေးထောင် ကျော်တဲ့ လက်ဝတ်ရတနာတွေ ပျောက်ဆုံးသွားတယ်လို့ ရွှေဆိုင်ပိုင်ရှင်နဲ့ နီးစပ် သူတဦးက ပြောပါတယ်။

“အဖောက်ခံရတာ ဘာမှခြေရာလက်ရာမပျက်ဘဲနဲ့ ပစ္စည်းတွေ ပျောက် နေတာ၊ အထဲမှာ ခင်းထားတာကို သူတို့ ကြိုက်တာပဲ ယူသွားတာ၊ တခြားကျန်ခဲ့ တဲ့ ဟာတွေက ဒီအတိုင်းလေးပဲ။ ညကဖောက်တာ။ သော့တွေ ဖွင့်တာ မတွေ့ဘဲနဲ့ မနက်ကျတော့ အဲဒီပစ္စည်းတွေမရှိတော့ဘူး။ “အောက်ထပ်က ဆိုင်၊ အပေါ်က အိမ်၊ အောက်မှာပစ္စည်းခင်းထားပြီး မသိမ်းဘူး။ ဘီရိုအထဲမှာ အဝတ်နဲ့အုပ် ထားပြီး ဒီအတိုင်းပဲ ထည့်ထားတာ၊ ညအိပ်တော့ အပေါ်တက်တယ်။ ရွှေဆိုင်က စတိုးဆိုင်နဲ့ ရောထားတာ။ စတိုးဆိုင်က ရောင်းဝယ်တာ တော်တော်များတယ်။ ခေါ်ထားတာကောင်မလေး ၇ ယောက်လောက်ရှိတယ်။ ရဲတွေ အဲဒီအတွက် အလုပ်ရှုပ်နေတယ်။”

ဒါနဲ့ပတ်သက်လို့ မြမြင့်မိုရ် ရွှေဆိုင်ကို ဆက်သွယ်မေးကြည့်တော့ “သူတို့ ရဲစခန်းက ခေါ်လို့သွားကြတယ်။ ၃ ရက် နေ့ ဖြစ်တာ။ တရားခံမိတဲ့ အသံလည်း ကျနော်မကြားဘူး။” လို့ ရွှေဆိုင်တာဝန်ရှိသူတဦးက ဖြေဆိုပါတယ်။ ဒီပျောက် ဆုံးမှုနဲ့ပတ်သက်ပြီး မှုခင်းသတင်းတပ်ဖွဲ့ အပါအဝင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့စည်းတွေက တရားခံကို စုံစမ်းဖော်ထုတ်နေဆဲပါလို့ ပျဉ်းမနားမြို့ ရဲစခန်း တာဝန်ကျ ဒုရဲအုပ်တဦးက ပြောပါတယ်။

“အမှုက စုံစမ်းနေတုန်းပါ။ ဘယ်သူရယ်လို့ လောလောဆယ် ခန့်မှန်း လို့မရသေးဘူး။ သူတို့ လူကြီးတွေရော၊ စီအိုင်ဒီအဖွဲ့တွေ၊ ဘာတွေနဲ့ အကုန် စစ်နေကြတယ်။ ကျနော်တို့ သိသလောက် မနက် ၅ နာရီလောက် ဖြစ်တာ။ ဆိုင် ဖောက်ထားတာတော့ တခုမှမတွေ့ဘူး။ ပျောက်သွားတာပဲရှိတယ်။ ဘယ်သူမှ ထိခိုက်ဒဏ်ရာမရှိဘူး။ ကျနော်တို့ အကြမ်းဖျင်း သိန်းလေးထောင်ကျော်လောက် တန်ဖိုးလို့ သိရတယ်။”

အလားတူ ဒီနှစ် မေလ အစောပိုင်းတုန်းက ရမည်းသင်းမြို့က ရွှေဆိုင် တဆိုင်မှာ ရွှေ ၆ ပိဿာ နီးပါး လုယက်မှုဖြစ်ပွားခဲ့ပြီး တဦးသေဆုံးကာ ရွှေဆိုင် ပိုင်ရှင် မိသားစုဝင် ၂ ဦးဒဏ်ရာရရှိခဲ့ပါတယ်။ ဒီလုယက်မှုမှာ အသုံးပြုခဲ့တဲ့ လက် နက်ဟာ မကွေးတိုင်း ရေစကြိုစစ်တပ်က ဖောက်ထွင်းလာတာပါ။ လုယက်မှု ကျူးလွန်သူ အဓိကတရားခံ ၃ ဦးနဲ့ ပါဝင်ပတ်သက်သူ ၁၀ ဦး ကျော်ကို ရမည်း သင်းမြို့နယ် တရားရုံးက စက်တင်ဘာမှာ ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ပါတယ်။

# တေးဂီတဖျော်ဖြေပွဲ ပြဿနာဖြစ်ပွား

**DVB၊ဒီဇင်ဘာ ၆။** ။ ထိုင်းဘုရင်မင်းမြတ်ရဲ့ ၈၂ နှစ်ပြည့်မွေးနေ့ အထိမ်း အမှတ် ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေချိန် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ များ စွာအလုပ် လုပ်ကိုင်နေကြတဲ့ မဲဆောက်မြို့မှာလည်း အလားတူ ပျော်ပွဲရွှင်ပွဲနဲ့အ တူ စင်မြင့်ဖျော်ဖြေပွဲကို ပြုလုပ်နေပါတယ်။

မနေ့ညက ပြုလုပ်တဲ့ စင်မြင့်ဖျော်ဖြေပွဲမှာ ည ၁၁ နာရီ ကျော်တဲ့အထိ လာမယ်လို့ ကြေညာထားပြီးပြီဖြစ်တဲ့ အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နဲ့ ကြီးကြာ တို့ရောက်မလာတာကြောင့် ပွဲကို တဝက်တပျက် ရပ်နားလိုက်ပါတယ်။ တေးဂီ တပွဲကို သွားရောက်ခဲ့တဲ့ မဲဆောက်မြို့က ပရိသတ်တဦးက အခုလိုပြောပြသွား ပါတယ်။

“မြန်မာတီးဝိုင်းအဖွဲ့တွေ ဖြည့်ခံနေစဉ်မှာပဲ မြန်မာပရိသတ် အင်အားက များလာတယ်။ စိုင်းစိုင်းခမ်းလှိုင်မလာနိုင်တဲ့အကြောင်းကို သူတို့က ပရိသတ်ကို ကြိုတင်မကြေညာထားဘူး။ ည ၁၂ နာရီကျော်တဲ့ အချိန်မှပဲ မလာနိုင်တော့ဘူး၊ ပွဲပြီးပြီဆိုတဲ့အခါကျတော့ ပရိသတ်တွေအားလုံးကလည်း ပွဲဆူပြီးတော့ အော်ကြီး ဟစ်ကျယ်နဲ့ထပြန်ကြတာပေါ့။”

ရုန်းရင်းဆန်ခတ် ဖြစ်နေချိန်အတွင်း တာဝန်ကျ လုံခြုံရေးတွေက ပရိသတ် ထဲက ၁၀ ဦးကျော်ကို ယာယီ ထိန်းသိမ်းခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူတို့ အား လုံးကို ပြန်လွှတ်ပေးလိုက်တယ်လို့ သိရပါတယ်။ အခုလို ရုန်းရင်းဆန်ခတ် ဖြစ်ရတာ ဟာ ပွဲစီစဉ်သူတွေရဲ့ ချွတ်ယွင်းချက်ကြောင့် ဖြစ်တယ်လို့ ဂီတပွဲ သွားခဲ့တဲ့ ပရိသတ်က အခုလိုပြောပါတယ်။

“အခုအခြေအနေက ပရိသတ် အမှားမဟုတ်ဘူး။ ဒီမှာရှိတဲ့ အဆိုတော် တွေနဲ့ ဖြည့်ခံထားလိုက်ရင်တော့ ပွဲက ဘာမှဖြစ်စရာအကြောင်းမရှိဘူး။ ပရိသတ် က သူတို့ကို အရမ်းကိုတောင်းတ အားပေးချင်ကြပါတယ်။ တော်တော်ကိုများ တယ်၊ ကွင်းလုံးအပြည့် ခြေချစရာနေရာတောင်မရှိဘူး။”

ဒီကနေ့ည ပြုလုပ်မယ့်ဂီတဖျော်ဖြေပွဲမှာ အဆိုတော်ဇော်ပိုင်နဲ့ မြန်မာအ ဆိုတော်အချို့ လာရောက်ဖြေဖျော်မယ်လို့ ကြေညာထားပေမယ့် တကယ်လာ မယ်မလာဘူးဆိုတာကတော့ မသိကြသေးပါဘူး။ မဲဆောက်က ပျော်ပွဲ ရွှင်ပွဲတွေ ကို အရင်ကလည်း မြန်မာနိုင်ငံက နာမည်ရ အဆိုတော်တွေလာရောက် ဖျော်ဖြေ ကြဘူးသလို အငြိမ့်အဖွဲ့တချို့လည်း လာရောက်ကပြလေ့ရှိပါတယ်။

# ငါးဖမ်းသမားတွေကို တရားစွဲပြီ

**DVB၊ဒီဇင်ဘာ ၆။** ။ နအဖစစ်အုပ်စုက ဖမ်းဆီးထားတဲ့ နိုင်ငံခြားသား ငါးဖမ်းသမား ၁၂၈ ဦးကို လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေနဲ့ တရားစွဲလိုက်တယ် လို့ အေအက်ဖ်ပီ သတင်းက ဖော်ပြထားပါတယ်။

ငါးဖမ်းသမားတွေကို ငါးဖမ်းစက်လှေ ၁၀ စင်းနဲ့အတူ မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်ထဲမှာ အရင်လတုန်းက ဖမ်းဆီးခဲ့တာဖြစ်ပြီး လောလောဆယ် ရန်ကုန် အင်းစိန်ထောင်မှာ ထိန်းသိမ်းထားပါတယ်။ ဒီသင်္ဘောသားတွေထဲမှာ ဖိလစ်ပိုင် ၁၄ ဦး၊ တရုတ်တဦး၊ ထိုင်ဝမ်သား ၄ ဦးပါဝင်ပြီး ကျန်အများစုက အင်ဒိုနီးရှား နိုင်ငံသားတွေဖြစ်တယ်လို့ အကျဉ်းဦးစီးဌာန အမည်မဖော်လိုသူ အရာရှိတဦးက ပြောတယ်လို့ဆိုပါတယ်။ နိုင်ငံခြားသား ငါးဖမ်းသမားတွေကိုတော့ နိုင်ငံရင်း ပြန် လွှဲပေးနိုင်ခြေရှိတယ်လို့လည်း အဲဒီအကျဉ်းဦးစီးအရာရှိက ပြောပါတယ်၊ အင်း စိန်ထောင်တွင်း တရားရုံးမှာ ရုံးတင်တရားစွဲခံလိုက်ရတဲ့ ဒီငါးဖမ်းသမားတွေထဲ မှာ မြန်မာနိုင်ငံသား ၇ ဦး လည်း ပါဝင်တယ်လို့ပြောပေမယ့် ဒီမြန်မာနိုင်ငံသား တွေကိုတော့ ဘယ်ဥပဒေပုဒ်မနဲ့ တရားစွဲတယ်ဆိုတာတော့ မသိရသေးပါဘူး။

ရန်ကုန်ရှိ ဖိလစ်ပိုင်သံအရာရှိတွေကတော့ အကျဉ်းကျနေတဲ့ သူတို့နိုင်ငံ သားတွေကို အကျဉ်းထောင်ထဲမှာ နှစ်ကြိမ်သွားရောက် တွေ့ဆုံခဲ့ပြီလို့ သံရုံး ဝက်ဘ်ဆိုက်မှာ ထုတ်ပြန်ကြေညာထားပါတယ်။ ဒီငါးဖမ်းသမားတွေဟာ မြန်မာ့ လူဝင်မှုကြီးကြပ်ရေး ဥပဒေအရဆိုရင် ထောင်ဒဏ်သုံးလ၊ ဒါမှမဟုတ် ငွေဒဏ် ကျပ်နှစ်ရာအထိ ချမှတ်ခံရနိုင်တယ်လို့လည်းဆိုပါတယ်။

ဒီအတောအတွင်း သီရိလင်္ကာကလာတဲ့ သတင်းတပုဒ်အရ သီရိလင်္ကာ ပင်လယ်ရေပြင်မှာမျောနေတဲ့ မြန်မာနိုင်ငံသားငါးဖမ်းသမား ၁၂ ဦးကို သီရိလင်္ကာ ရေတပ်က ကယ်ဆယ်ထားတယ်လို့ သိရပါတယ်။ ဒီတံငါသည်တွေကို နိုဝင်ဘာ ၃၀ ရက်မှာ ကယ်ဆယ်လိုက်တယ်ဆိုတဲ့သတင်းကို သီရိလင်္ကာရေတပ်က သ တင်းထုတ်ပြန်ထားပါတယ်။

တံငါသည်တွေကို သီရိလင်္ကာရေတပ်က စောင့်ရှောက်ထားပြီး မကျန်း မာသူတွေကိုလည်း ရေတပ်ဆေးရုံမှာ ပြုစုစောင့်ရှောက်နေတယ်လို့ ရေတပ်သ တင်းမှာ ဓာတ်ပုံနဲ့တကွ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် ဘယ် လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာတော့ မသိရသေးသလို၊ နအဖစစ်အုပ်စု အာဏာပိုင်တွေဘက်ကလည်း ဘာသတင်းမှ ထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

# ဝ ပြည်သွေးစည်းညီညွတ်ရေး ပါတီက အချက် ၉ ချက် တောင်းဆို

**DVB၊ ဒီဇင်ဘာ ၇။** ။ နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းရေးနဲ့ စပ်လျဉ်းပြီး ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီက အချက် ၉ ချက်ကို မြန်မာတပ်မတော်ခေါင်းဆောင်တွေကို နိုဝင်ဘာ ၁၀ ရက် နေ့စွဲနဲ့ ဥက္ကဋ္ဌ ပေါက်ယူချမ်းက လက်မှတ်ရေးထိုး ပေးပို့ခဲ့တာပါ။

ဒီအပေါ်ကို နအဖက ပယ်ချလိုက်တာလို့ ဝပြည်သွေးစည်းညီညွတ်ရေးပါတီရဲ့ အဆင့်မြင့် တပ်ခေါင်းဆောင်တဦးက ပြောပါတယ်။

“ကျနော်တောင်းခံထားတာ အချက်အလက်တခုမှ လက်မခံဘူးဆိုရင် ကျနော်တို့လည်း မတတ်နိုင်ဘူး။ ကျနော်တို့ တိုက်ပွဲတော့ မလိုလားပါဘူး။ အစိုးရလာတိုက်ရင် ကျနော်တို့လည်း မတတ်နိုင်တော့ဘူး။”

ဒုဗိုလ်ချုပ်ကြီးရဲမြင့်ထံကို ပေးပို့တဲ့စာမှာ အချက် ၉ ချက် တောင်းဆိုထားပြီး အခြေခံဥပဒေ (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း) သတ်မှတ်ချက်မှာ မြို့နယ် ၆ ခု ပါရှိသည့်ထက် နောက်ထပ် မိုင်းပေါက်နဲ့မိုင်းဖျင်ကို မိုင်းပေါက်မြို့နယ်အဖြစ်စုစည်းပြီး ၇ မြို့နယ်အဖြစ်တိုးချဲ့ပေးဖို့နဲ့ ဝမ်ပုန်ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတခုဖွဲ့ပြီး တိုင်းလက်အောက်သွင်းပေးဖို့ တောင်းဆိုထားပါတယ်။ တပ်ဖွဲ့အသွင်ကူးပြောင်းရေးကိစ္စမှာ တပ်ရင်းကို အခြေခံပြီး ဝမ်ဟုန်စစ်ဒေသခွဲနဲ့ ပန်ခမ်းစစ်ဒေသခွဲဆိုပြီး စစ်ဒေသခွဲနှစ်ခုဖွဲ့ဖို့၊ စစ်ဒေသမှူးတာဝန်နဲ့ စစ်ဦးစီးမှူးတာဝန်တွေကို ဝ တပ်ဖွဲ့က ယူဖို့၊ ဒုစစ်ဒေသမှူးနှစ်ဦးနဲ့ ဒုစစ်ဦးစီးမှူးနှစ်ဦးအနက် တဦးစီကို တပ်မတော်ကယူပြီး ကျန်တဦးစီကို ဝတပ်ဖွဲ့ကယူဖို့ တင်ပြထားပါတယ်။

ကျန်းမာရေး၊ ထောက်ပံ့ရေး၊ သင်တန်းကိစ္စတွေကို အဓိကတပ်မတော်က တာဝန်ယူပေးဖို့နဲ့ တပ်ရင်းအဆင့်နဲ့လက်အောက် ကေဒါအရာရှိ တပ်သားတွေကိုတော့ ဝတပ်ဖွဲ့ကသာ တာဝန်ယူပြီး တပ်မတော်က စေလွှတ်ခန့်အပ်စရာမလိုဘူးလို့ ထည့်သွင်းထားပါတယ်။ တပ်ကို အသွင်ပြောင်းပြီးနောက် ကျန်ရှိမယ့် တပ်ဖွဲ့ဝင်နဲ့ ဌာနဆိုင်ရာပါတီဝင် ၈,၀၀၀ အတွက် ၅ နှစ်စာ ပင်စင်ကို တလုံးတည်းရချင်တယ်။ မိဘမဲ့ကလေး ၂,၀၀၀ လောက်အတွက် ၅ နှစ်စာ နှစ်စဉ်ထောက်ပံ့ကြေးပေးဖို့ တောင်းဆိုထားပါတယ်။ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းပင်စာသွားကြမယ့် မြို့နယ်တွေက တပ်ဖွဲ့ဝင် အင်အား ၇,၀၀၀ ကျော် အတွက်ပင်စင်၊ လက်နက်ကိုင်ပြည်သူ့စစ် ၂၀,၀၀၀ ကျော် ကို နေရာချထားရေး ပြဿနာ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့တွေ ဖွဲ့စည်းဖို့စတာတွေ တင်ပြထားပါတယ်။

အသွင်ကူးပြောင်းရေးနဲ့ တပ်ပြန်လည် ဖွဲ့စည်းရေး မတိုင်ခင်မှာ ဝနယ်က လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေဟာ ဘယ်အဖွဲ့မှာ ပါခဲ့သည်ဖြစ်စေ၊ ဘာကိစ္စလုပ်ခဲ့သည် ဖြစ်စေ အသွင်ကူးပြောင်းတပ် ပြန်ဖွဲ့ပြီးနောက်ပိုင်း ဥပဒေထပ်မကျူးလွန်ရင် လုံးဝအရေးမယူရဘူး။ အသက်အိုးအိမ် လုံခြုံမှုကို အာမခံချက်ပေးရမယ်လို့ ပါရှိပါတယ်။ ဝနယ်မြေတွင်းက လက်ရှိလုပ်ငန်းတွေကိုလည်း ဆက်လည်ပတ်ခွင့်ပေးဖို့ နောင်ပေါ်လာမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရဲ့ အုပ်ချုပ်ရေးဝန်ထမ်းကိစ္စမှာ အဓိကကျပြီး အများစုကို ဝ နယ်က တိုင်းရင်းသားတွေကို ခန့်အပ်ဖို့ တင်ပြထားပါတယ်။ ဒေသတွင်း ဥပဒေပြုရေး၊ မြေ သယံဇာတစွည်းတွေ ထိန်းသိမ်းထုတ်လုပ်ခွင့်၊ အခွန်စည်းကြပ်ခွင့်၊ နယ်စပ်ဂိတ်တွေ ထိန်းချုပ်ခွင့်၊ နိုင်ငံတော်ကို အခွန်ပေးဆောင်ခြင်းကနေ လွတ်ငြိမ်းခွင့်ရလိုတဲ့အကြောင်းနဲ့ ဆင်းရဲနွမ်းပါးတဲ့ ဒေသခံတွေရဲ့ ဘဝပြောင်းလဲအောင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လုပ်ကိုင်ပေးဖို့တောင်းဆိုထားပါတယ်။

ဒီတောင်းဆိုချက်တွေနဲ့ ပတ်သက်လို့ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီပြောခွင့်ရသူ ဦးအောင်မြင့်က ပြောပါတယ်။ “ဆွေးနွေးချက်ဆိုတော့ လက်ခံနိုင်တဲ့အပိုင်းလည်းရှိတယ်၊ လက်မခံတဲ့ အပိုင်းလည်းရှိတာပေါ့။ ဘယ်အပိုင်းကိုလက်ခံပြီး ဘယ်အပိုင်းကို လက်မခံလဲဆိုတာ ကျနော်မပြောချင်ဘူး။”

နောက်ပိုင်းမှာ သတင်းထုတ်ပြန်သွားဖွယ်ရှိတယ်လို့ ဦးအောင်မြင့်က ပြောဆိုပါတယ်။ လက်ရှိမှာ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းတဲ့ ငြိမ်းအဖွဲ့ ၃ ဖွဲ့ရှိ နေပေမယ့် အင်အားကြီးငြိမ်းတွေက အခုအချိန်အထိ နယ်ခြားစောင့်အဖြစ်အသွင်ပြောင်းဖို့ ငြင်းဆိုနေဆဲဖြစ်ပါတယ်။

---

**စာမျက်နှာ ၉ မှ**

**ဒီဇင်ဘာ ၁၁၊ S.H.A.N.။** ။ ဒီဇင်ဘာ ၇–၉ အစည်းအဝေးအရ ပအိုဝ့်အဖွဲ့များ PNLO သည် တချိန်က အမည်ဟောင်းဖြင့် ဆက်လက်လှုပ်ရှားမည်ဟုဆို၏။

**ဒီဇင်ဘာ ၁၁၊ CNN။** ။ ဂျပန်အမတ် Azuma Konno နှင့် Tadashi Inuzaka တို့၏ ဦးစီးစတင်မှုဖြင့် ၂၉ နိုင်ငံမှ လွှတ်တော်အမတ် ၄၀၀ ကျော်တို့သည် မြန်မာစစ်အဖွဲ့၏ စစ်ရာဇဝတ်မှုနှင့် လူသားအပေါ် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ကိုလုံခြုံရေးကောင်စီသို့ စုပေါင်းစာရေးတောင်းဆို၏။ ထိုသို့ပြုရန် ဂျွန်လတွင် အမေရိကန်အမတ် ၅၅ ဦးသည် အိုဘားမားထံစာရေးဘူး၏။

**ဒီဇင်ဘာ ၁၁၊ IPS- Terra Vista** ။ ။ ၂၀၁၀ ရွေးကောက်ပွဲသည် ပြည်ပရောက်မြန်မာသတင်းအဖွဲ့ပေါင်းစုံ၏ မျက်စေ့ဒေါက်ထောက်လေ့လာကြည့်ရှုမှုအကြား ကျင်းပခြင်းဖြစ်၍ ၁၉၉၀ ရွေးကောက်ပွဲနှင့် ဤနေရာတွင်မတူ ထူးခြားကြောင်း ရောဝတီအုပ်ချုပ်ရေးအယ်ဒီတာ ကျော်စွာမိုးမှ သတင်းဝေဖန်၏။

---

# နအဖအဖွဲ့ကို ဆန္ဒပြ ကန့်ကွက်

**DVB၊ ဒီဇင်ဘာ ၈။** ။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကျင်းပနေတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာညီလာခံကို တက်ရောက်လာတဲ့ နအဖဝန်ကြီးနဲ့အဖွဲ့ကို ဥရောပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဒီနေ့ကန့်ကွက်ဆန္ဒပြခဲ့ ကြပါတယ်။

ဆန္ဒပြသူ အင်အား ၆၀ လောက်ရှိပြီး ညီလာခံကျင်းပနေတဲ့ အဆောက်အဦးအဝင်ဂိတ်ဝမှာ ဆန္ဒပြခွင့်ရတဲ့အတွက် နိုင်ငံတကာသတင်းထောက်တွေနဲ့ ညီလာခံကိုတက်ရောက်လာသူတွေရဲ့ စိတ်ဝင်စားမှုရရှိခဲ့တယ်လို့ နော်ဝေးနိုင်ငံကနေ သွားရောက် ဆန္ဒပြသူ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်က ပြောပါတယ်။ ဒီဆန္ဒပြပွဲမှာ မြန်မာနိုင်ငံအတွင်းက သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုတွေအကြောင်း ဓာတ်ပုံပြပွဲနဲ့အတူပြုလုပ်ခဲ့တာလို့ ဆန္ဒပြပွဲ စီစဉ်သူတဦးဖြစ်တဲ့ ဒိန်မတ်နိုင်ငံက ကိုမြင့်ဝေက ပြောပါတယ်။

“စစ်အစိုးရကနေပြီး မြန်မာပြည်ရဲ့တန်ဖိုးရှိတဲ့ ကျွန်းသစ်တွေ တရုတ်ပြည်နယ်စပ်ကနေပြီး တခါတည်း ကျနော်တို့ ကချင်ပြည်နယ် ကုန်သလောက်ရှိနေပြီ။ အဲဒီမှာ သစ်တွေ ကားတွေနဲ့ တိုက်သွားတာတွေ သစ်ပင်ကြီးတွေ လှဲနေတယ်။ တောတောင်တွေ ပျက်ဆီးနေတာတွေ ကျနော်တို့ ဓာတ်ပုံနဲ့ ပြထားတယ်။ နိုင်ငံတကာ သတင်းထောက်တွေကလည်းမေးတယ်။ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ စစ်အစိုးရနဲ့ သူတို့ရဲ့သားသမီးတွေက ခုတ်လှဲခွင့်ယူပြီး ရောင်းချတယ်။ ရရှိလာတဲ့ငွေတွေကိုလည်း နိုင်ငံတော်အတွက် အသုံးမပြုဘဲ သူတို့ရဲ့မိသားစုတွေ အာဏာတည်မြဲရေးအတွက် စစ်လက်နက်တွေ ဝယ်တယ်ဆိုတဲ့အကြောင်းကို ကျနော်တို့ ရှင်းပြပါတယ်။”

ဥရောပရောက် မြန်မာများအဖွဲ့ အက်ဖ်ဘီအီး အနေနဲ့ နအဖအာဏာပိုင်တွေကို ဗီဇာထုတ်ပေးတဲ့ အီးယူ ဥရောပကော်မတီကိုလည်း ကန့်ကွက်စာပေးပို့ခဲ့တယ်လို့ဆိုပါတယ်။ ဒီစာမှာ အဓိကတောင်းဆိုထားတဲ့ အချက်တွေကို လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်က ပြောပါတယ်။

“အဓိကကတော့ နာဂစ်ကိစ္စမှာ ကျနော်တို့ အသေအချာပြည်သူတွေကို ထောက်ပံ့မှု မပြုခဲ့တဲ့ အစိုးရ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို သေချာစွာ မဆောင်ရွက်တဲ့အစိုးရ၊ လူ့အခွင့်အရေးတွေ အမျိုးမျိုးချိုးဖောက်တဲ့ အစိုးရ၊ စစ်အာဏာရှင်တည်မြဲရေးအတွက် အကြောင်းအမျိုးမျိုးပြဆောင်ရွက်နေတဲ့ ဒီလိုအစိုးရမျိုးကို အီးယူအနေနဲ့ နဂိုရှိထားတဲ့ မူဝါဒသဘောထားတွေအတိုင်းဆက်ပြီးရပ်တည်ပေးဖို့ကျနော်တို့ ထောက်ပြတာပါ။”

# မြန်မာနိုင်ငံတွင်း တရားမဝင်သစ်ခိုးထုတ်မှုကြောင့် သစ်တောပြုန်းတီးမှုဖြစ်

**DVB၊ ဒီဇင်ဘာ ၁၀။** ။ မြန်မာနိုင်ငံမှာ နယ်စပ်ချင်းထိစပ်နေတဲ့ တဘက်နိုင်ငံတွေကို သစ်ထုတ်လုပ်ရောင်းချမှုကြောင့် သစ်တောပြုန်းတီးမှုတွေ များစွာဖြစ်ပေါ်နေတယ်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားတဲ့အဖွဲ့တွေက ပြောပါတယ်။

ကချင်၊ ရှမ်း၊ ရခိုင် နယ်စပ်တလျှောက်မှာ အဖိုးတန်ကျွန်းသစ်နဲ့ တခြားသစ်မာတွေကို တရားဝင်ရော၊ တရားမဝင်နဲ့ပါ နအဖစစ်အစိုးရနဲ့ရင်းနှီးလုပ်ကိုင်တဲ့ စီးပွားရေးသမားအများစုက ခုတ်လဲရောင်းချနေကြတာကြောင့် ဖြစ်ပါတယ်။ အရင်က သစ်တွေကို ခုတ်လဲရောင်းချတာရှိခဲ့ပေမယ့် ၁၉၉၀ ဝန်းကျင်မှာ တိုင်းရင်းသားလက်နက်ကိုင်တွေက အပစ်ခတ်ရပ်စဲတဲ့ နောက်ပိုင်းပိုဆိုးလာတယ်လို့ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားနေတဲ့ ကချင်အဖွဲ့က ဦးအောင်ဝါ ပြောပါတယ်။

“နအဖနဲ့ ငြိမ်းချမ်းရေးယူပြီး အပစ်ခတ်ရပ်စဲပြီး နောက်ပိုင်း သစ်လုပ်ငန်းတွေ လုပ်တာကို သိနေရတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ် ဝန်းကျင်က တနေ့ကို သစ်ကားအစီးရေရာနဲ့ချီပြီး တရုတ်ပြည်ဘက်ကို တင်ပို့နေတာကို တွေ့နေရတယ်၊ အဓိကကတော့ သစ်လုပ်ငန်းတွေကို လုပ်ခွင့်တွေ ရသွားတော့ နအဖနဲ့ တိုင်ပင်ဆွေးနွေးပြီး နအဖစစ်ဗိုလ်တွေကနေ တဆင့် လုပ်တဲ့ဟာတွေမျိုးဖြစ်ပါတယ်။”

အလားတူ ရှမ်းအဖွဲ့က စိုင်းစိုင်းကလည်း ပြောဆိုခဲ့ပါတယ်။

“အရင်တုန်းကတော့ ၁၉၈၅၊ ၈၈ တုန်းကတော့ ထိုင်းနယ်စပ်ကို အစိုးရအနေနဲ့ ကန့်ထရိုက်ဖွင့်ထားတာပေါ့။ ဒါပေမယ့် သစ်ထုတ်လုပ်တာကတော့ ၃၊ ၄၊ ၅ နှစ်လောက် အဲဒီမှာ ခဏပိတ်ထားတယ်။ နောက်ပိုင်း အကြီးအကျယ်ဖြစ်တာကတော့ ၁၉၉၅၊ ၁၉၉၆ တုန်းကဆိုရင် အပစ်ခတ်ရပ်စဲရေး အဖွဲ့တွေ ကန့်ထရိုက်ရထားတာ တော်တော်များများရှိပါတယ်။”

သစ်တောပြုန်းတီးမှုဟာ ကချင်ပြည်နယ်ဘက်မှာ ဧရာဝတီမြစ်အရှေ့ဘက်၊ မေခမြစ်အရှေ့ဘက်နဲ့ မေခ–မလိခမြစ်အကြား ဟူးကောင်းချိုင့်ဝှမ်းတို့ဖြစ်ပြီး၊ တရုတ်စီးပွားရေးသမားတွေက တရုတ်နိုင်ငံကို တင်ပို့တာဖြစ်ပါတယ်။ အခုတော့ သစ်တောတွေအများအပြား ခုတ်လှဲတဲ့အတွက် အရင်ကထက် တင်ပို့မှုတော့ လျော့နည်းသွားတယ်လို့ ကချင်အဖွဲ့က ဦးအောင်ဝါက ပြောပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းဘက်မှာ နမ့်စန်မြို့နယ် ကျိုင်းတောင်းဒေသ၊ မိုးနဲ၊ လင်းခေး၊ ကွန်ဟိန်း၊ မိုင်းတုံ၊ မိုင်းဆတ် စတဲ့မြို့နယ်တွေမှာ သစ်ခုတ်မှုအများဆုံးဖြစ်ပြီး ထိုင်းကိုတင်ပို့ကြတာလို့ ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့က ပြောပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာ နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နယ်စပ် ဒါကာမြို့မှာ သင်္ဘောဆိပ်ကမ်းဖွင့်လှစ်လိုက်ကတည်းက သစ်ထုတ်လုပ်မှုပိုများလာတာကိုတွေ့ရတယ်လို့ နယ်စပ်မှာနေပြီး လေ့လာနေသူ ရခိုင်အမျိုးသားတဦးက ပြောပါတယ်။

“ကုန်ဝင်ကုန်ထွက် သင်္ဘောဆိပ်တခုဖွင့်တာ ၃၊ ၄ နှစ် ရှိသွားပြီ။ ဖွင့်တဲ့နှစ်ကတည်းကစပြီး သစ်တွေ တအားကြီးရောက်နေတယ်။ ဘင်္ဂလားဒေ့ရှ်ကိုရောက်လာတဲ့ သစ်တွေထဲမှာတော့ ရခိုင်ပြည်ကျောက်ဖြူရမ်းဗြဲက သစ်တွေများပါတယ်။ တောက်ကုတ်တို့ဘက်က တရားဝင်ခုတ်ပြီးယူလာတာ မဟုတ်ဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ သစ်တော့ကြိုးဝိုင်းကြီးတွေမှာ သူတို့က ပိုက်ဆံတွေပေးပြီး စစ်တပ်က အကြီးတွေနဲ့ သူတို့လိုင်းတွေပူးပြီး ခိုးထုတ်တယ်။ ဘင်္ဂလား ဒေ့ရှ်ဘက်ကိုဝင်တဲ့အချိန်မှာ အစိုးရကို တရားဝင်ဆိုပြီး အခွန်ဆောင်သွင်းတယ်။”

တရားဝင်ရော၊ တရားမဝင်ပါ သစ်ခိုးထုတ်နေသလို စိုက်ပျိုးရေးအတွက် အ သုံးပြုနေတဲ့ ခိုင်းကျွဲ၊ နွားတွေကို တင်ပို့ကြပြီး ဒါဟာ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးမှုမဖြစ်တဲ့ အကျိုးဆက်လို့ဆိုပါတယ်။ ဒေသခံ အာဏာပိုင်တွေနဲ့ တရုတ်စီးပွားရေးသမားတွေပေါင်းပြီး ကျောက်ဖြူ ရမ်းဗြဲဘက်မှာ လက်ယက်ရေနံတူးဖော်တာတွေကို လုပ်ကိုင်လာတာကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပုံကို အဲဒီလူက ပြောပြပါတယ်။

“ကျနော်တို့ ရိုးရာ အရင်တုန်းကဆိုရင် ကမ်းနားသွားပြီး အသာလေးလက်ကလေးနဲ့ စမ်းရင် ငါးတွေ၊ ပုဇွန်တွေ အများကြီး ရပါတယ်။ အခုတော့ အဲဒါတွေ အကုန်လုံးသေကုန်ပါတယ်။”

ရခိုင်ပြည်နယ်မှာ တရုတ်ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြောင့် သစ်တောပြုန်းတီးမှုနဲ့ လယ်ယာမြေဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာဖွယ်ရှိတယ်လို့ သူက ထင်မြင်ချက်ပေးပါတယ်။ စက်ပစ္စည်းတွေရဲ့ ဓွန့်ပစ်ပစ္စည်းတွေကနေ ရေထဲကို စိမ့်ဝင်တဲ့အဆိပ်တွေဟာ ကျွဲနွားတွေအပေါ် သက်ရောက်မှုစတင်နေပြီလို့ဆိုပါတယ်။ ကချင်–ရှမ်း–ရခိုင်ဘက်က သဘာဝပတ်ဝန်းကျင်အဖွဲ့ကလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနောက်ဆက်တွဲကြောင့် ရာသီဥတုမညီမျှမှုကနေ မိုးရာသီမှာ မိုးကြီးရေလျှံ၊ မြေပြိုမှုတွေ၊ နွေရာသီမှာရေခန်းခြောက်တာတွေဖြစ်လာပြီး လူ၊ တိရစ္ဆာန်တွေအတွက် ဒုက္ခဖြစ်ရတယ်လို့ပြောပါတယ်။ ဒီကိစ္စကို ပညာပေးဖို့အတွက် မိမိတို့တတ်နိုင်တဲ့ဘက်က လုပ်နေရတဲ့အတွက် ထိရောက်မှု နှေးကွေးတယ်လို့ အဲဒီအဖွဲ့က ပြောပါတယ်။

---

# ရာသီဥတုဒဏ်ခံရမှု မြန်မာစံချိန်တင်

**DVB၊ ဒီဇင်ဘာ ၉။** ။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ရာသီဥတုဘေးအန္တရာယ်ကြောင့် အထိအခိုက်အခံရဆုံးနိုင်ငံများစာရင်းမှာ ဒုတိယမြောက် ဒဏ်အခံရဆုံးနိုင်ငံအဖြစ် Germanwatch အဖွဲ့က ဒီဇင်ဘာ ၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ကမ္ဘာ့ရာသီဥတု ဘေးအန္တရာယ် ၂၀၁၀ ဆိုတဲ့ အစီရင်ခံစာကို ရာသီဥတုနဲ့ ဖွံ့ဖြိုးမှုအဖွဲ့ကြီး ဂျာမန်ဝပ်ချ်က ကမ္ဘာ့အကြီးဆုံး အာမခံလုပ်ငန်းဖြစ်တဲ့ Munich Re ရဲ့ သတင်းအချက်အလက်အဖွဲ့နဲ့ ပူးပေါင်း ရေးသားပြီး ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ထုတ်ပြန်လိုက်တာပါ။ လောလောဆယ် ကုလသမဂ္ဂကဦးစီးကျင်းပနေတဲ့ ကမ္ဘာ့ရာသီဥတု ထိပ်သီးညီလာခံအတွက် အလေးအနက်ထားထုတ်ပြန်တဲ့အစီရင်ခံစာလည်းဖြစ်ပါတယ်။ အစီရင်ခံစာအတွက် ၁၉၉၀ ကနေ ၂၀၀၈ ခုနှစ်ကြား မုန်တိုင်းရေလွှမ်းမိုးမှုနဲ့ အပူလှိုင်းတွေကြောင့် ထိခိုက်သေဆုံးမှုနဲ့ ပျက်စီးဆုံးရှုံးမှုတွေကို အဓိကအခြေခံထား စိစစ်တွက်ချက်ထားပါတယ်။ မြန်မာနိုင်ငံမှာ ဆိုင်ကလုန်းနာဂစ်ကြောင့် ဖြစ်ခဲ့တဲ့သဘာဝကပ်ဘေးကိုတော့ ထူးထူးကဲကဲ ဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ထားပြီး ၁၈ နှစ်ကာလအတွင်း ကမ္ဘာပေါ်မှာ ရာသီဥတုကြောင့် ထိခိုက်သေဆုံးမှု စုစုပေါင်းရဲ့ ၄ ပုံ ၁ ပုံဟာ နာဂစ်မုန် တိုင်းကြောင့်လို့ဆိုပါတယ်။

ဒီလိုဖြစ်ရခြင်းဟာ မြန်မာနိုင်ငံရဲ့ သဘာဝကပ်ဘေးကြိုတင်ကာကွယ်ရေးမူဝါဒပိုင်းက အားနည်းချက်တွေကြောင့်လို့လည်း ဖော်ပြထားပါတယ်။ အဲဒီ အစီအရင်ခံစာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတပိုင်တနိုင် လုပ်နေတဲ့ သစ်တောသယံဇာတ သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Freda ဒုဥက္ကဋ္ဌ ဦးအုန်းက နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က သစ်တောပြုန်းတီးမှုမရှိတဲ့ ဒေသတွေမှာ အသေအပျောက်နည်းတာတွေ့ရတယ်လို့ အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပါတယ်။

“ကျနော်တို့ လမုတောစိုက်တာ အခု ၁၀ နှစ် ရှိသွားပြီ။ ဧက ၄,၀၀၀ ကျော် ၅,၀၀၀ လောက်စိုက်တယ်။ နာဂစ်ဖြစ်တဲ့အချိန်မှာ ကျနော်တို့စိုက်တဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၊ အမာမြို့နယ်မှာ ရှိတဲ့ ၂၆ ရွာမှာ လူ ၁၆,၀၀၀ လောက်ရှိတဲ့ နေရာမှာ နာဂစ်ဖြစ်တုန်းက ၃ ယောက်ပဲ သေတယ်။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်က တောတွေဖျက်ပြီး လယ်စိုက်တဲ့နေရာမှာ သောင်းနဲ့သိန်းနဲ့ချီသေတယ်။ ကိုယ့်ဝမ်းစာအတွက် လုပ်တာတော့ တပိုင်းပေါ့၊ အဲဒါ သဘာဝပတ်ဝန်းကျင် အလေးမထားတဲ့အတွက် ဒဏ်ခတ်ခံရတာ၊”

ရာသီဥတုကပ်ဘေး အဆိုးဆုံးခံရတဲ့ ၁၀ နိုင်ငံထဲမှာ မြန်မာနိုင်ငံဟာ ၁၈ နှစ်အတွင်း ကပ်ဘေး ၂၂ ကြိမ်သာခံရပြီး ဖြစ်ပွားမှု အနည်းဆုံးနိုင်ငံလည်းဖြစ်ပေမယ့် ထိခိုက်ခံရမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သစ်တောပျက်ဆီးပြုန်းတီးတဲ့ နိုင်ငံအဆင့်မှာ ဘရာဇီးနိုင်ငံက အဆိုးဆုံးဖြစ်ပြီး ဒုတိယက အင်ဒိုနီးရှား၊ တတိယက ဖိလစ်ပိုင်နဲ့ မြန်မာပြည်က စတုတ္ထဖြစ်ပါတယ်။

# လက်နက်မအပ်၊ နယ်မြေလည်းလုံးဝ လွှဲပေးမည်မဟုတ်ဟု ဝ အဖွဲ့ဆုံးဖြတ်

**DVB ၊ ဒီဇင်ဘာ ၈ ။** ။ ကိုးကန့်အဖွဲ့က နယ်ခြားစောင့်တပ်အဖြစ် လက်ခံလိုက်တာကို နအဖစစ်တပ်ပိုင်မီဒီယာတွေမှာ အကြီးအကျယ်ဖော်ပြနေပေမဲ့ ကိုကန့်ရဲ့မဟာမိတ် ဝ အဖွဲ့ 'ဝသပ'ကတော့ လက်နက်မအပ်နိုင်သလို နယ်မြေလည်း လုံးဝလွှဲမပေးနိုင်ဘူးလို့ ဗဟိုကော်မီတီက ဆုံးဖြတ်လိုက်ကြောင်း သတင်းရရှိပါတယ်။

နိုဝင်ဘာ ၂၆ ရက်ကနေ ၂၉ ရက်အထိ ပန်းဆန်းဌာနချုပ်မှာ ကျင်းပတဲ့ ဝ ပြည်သွေးစည်းရေးပါတီ ဗဟိုကော်မီတီ အရေးပေါ်အစည်းဝေးကနေ ဒီလိုဆုံးဖြတ်လိုက်တာလို့ 'ဝသပ'နဲ့ နီးစပ်တဲ့ စစ်ရေးအကဲခတ်တဦးက ပြောပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေကို အောက်ခြေတပ်ထု၊ လူထုအုပ်ချုပ်ရေးအဖွဲ့ဆီ အဆင့်ဆင့်ရှင်းလင်းပြနေတယ်လို့သိရကြောင်း တရုတ်–မြန်မာနယ်စပ်ရှိ မြန်မာ့စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

"နံပါတ်တစ်အချက်ကတော့ ဝ အမျိုးသားသွေးစည်းညီညွတ်ရေးပါတီရဲ့ သေနတ်တလက်၊ မြေတလက်မနဲ့လက်နက်တလက်ကိုမှ မအပ်နိုင်ဘူး၊ တောင်နဲ့မြောက် ခွဲခြားမှုကိုလည်း လုံးဝလက်မခံဘူး။ အဲဒီတော့ မူလတောင်းဆိုထားတဲ့ မုံးပေါက်၊ မုံးပြင်မြို့နယ်တို့ကလည်း ဝ ဒေသနဲ့ခွဲခွာလို့မရဘူး၊ ငြိမ်းချမ်းရေးက အားလုံးအတွက် အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးကို မဖျက်ဆီးဘူး၊ စတင်မတိုက်ခိုက်ဘူး၊ ကျနော်တို့ကိုတိုက်ခိုက် ကျနော်တို့ကပြန်တိုက်ခိုက်မယ်" စသည်ဖြင့် ဝ အဖွဲ့ရဲ့ဆုံးဖြတ်ချက်မှာ ပါရှိတယ်လို့သိရကြောင်း ဦးအောင်ကျော်ဇောက ပြောပါ တယ်။

ဝ အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပါ တခြားအချက်တွေကတော့ နယ်စပ်ဒေသရှိ တရုတ်အာဏာပိုင်တွေ၊ ထိုင်းအာဏာပိုင်တွေနဲ့ပေါင်းပြီး မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်မယ်၊ ဝတပ်မတော်၊ ဝပြည်သူတရပ်လုံး 'ဝသပ'ဦးဆောင်မှုအောက်မှာ တစည်းတလုံးတည်းရပ်တည်ဖို့၊ သွေးခွဲသပ်လျှိုတာကို သတိရှိကြဖို့စတဲ့အချက်တွေပါဝင်တယ်လို့ သိရကြောင်း ဦးအောင်ကျော်ဇောက ပြောပါတယ်။ ဒီအချက်တွေနဲ့ပတ်သက်ပြီး ဝအဖွဲ့တာဝန်ရှိသူတွေကိုရော၊ နအဖဘက်က တာဝန်ရှိသူတွေကိုပါ မေးမြန်းလို့မရသေးပါဘူး။ နိုဝင်ဘာလအစောပိုင်း တန့်ယန်းမှာလုပ်ခဲ့တဲ့ စစ်ဖက်ရေးရာလုံခြုံရေးအဖွဲ့ အကြီးအကဲဗိုလ်ချုပ်ရဲမြင့်နဲ့ ဝအဖွဲ့ကိုယ်စားလှယ်တွေရဲ့အစည်းဝေးမှတ်တမ်းတွေအရ ဝအဖွဲ့ဘက် အထက်ပါအချက်တွေကိုအလေးနက်တင်ပြနေပြီး နအဖဘက်ကတော့ နယ်ခြားစောင့်တပ်ဖွဲ့ရေးကိုလက်ခံဖို့ပဲ ပြောဆိုခဲ့ပါတယ်။ နယ်ခြားစောင့်တပ်လက်ခံရေး နောက်ဆုံးသတ်မှတ်ရက်ကို အောက်တိုဘာ ၃၁ ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ နအဖဘက်က အချိန်တိုးပေးထားပြီး ကြားကာလ အတွင်း ဆက်လက်ဆွေးနွေးညှိနှိုင်းဖို့ သဘောတူခဲ့ပါတယ်။ လက်ရှိအခြေအနေအတိုင်းဆိုရင်တော့ နအဖဟာ ဝအဖွဲ့ရဲ့တင်ပြချက်ကို လက်ခံမှာမဟုတ်ဘဲ တဖက်သတ်စီမံထားတဲ့အတိုင်း ရှေ့ဆက်ဖို့ မြင်နေရတဲ့အတွက် ဒီဇင်ဘာ ၃၁ ရက်အလွန်မှာ သွေးထွက်သံယိုမှုတွေ ဖြစ်လာနိုင်တယ်လို့ ဦး အောင်ကျော်ဇောက မှတ်ချက်ချပါတယ်။

"ဗမာအစိုးရဘက်က အပြန်အလှန် ပြန်လည်စဉ်းစားပြီး ညှိညှိနှိုင်းနှိုင်း မလုပ်ဘဲ ဇွတ်တိုးမယ်ဆိုရင်တော့ ကျနော်တို့ မမြင်လို မကြားလိုပေမယ့် ဝအမျိုးသားများသော်လည်းကောင်း၊ ဝနဲ့ဆက်စပ်နေတဲ့ ဗမာပြည်တွင်းက ရှမ်းအမျိုးသားများ၊ အလားတူ ဗမာစစ်သားများ – ကြီးမားစွာ သွေးထွက်သံယိုမှုကြီးတွေ ကျနော်တို့ မြင်ရမှာဖြစ်ပါတယ်။"

ဝ အဖွဲ့နည်းတူ နယ်ခြားစောင့်တပ်ဖွဲ့ရေးကို ငြင်းဆိုနေတဲ့ အဖွဲ့တွေကတော့ ဝ တွေနဲ့ နယ်မြေချင်းထိစပ်နေတဲ့ ကေအိုင်အို (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့)၊ ဦးစိုင်းလင်းဦးဆောင်တဲ့ မိုင်းလားအဖွဲ့၊ ဗိုလ်ချုပ်လွယ်မောင်းဦးဆောင်တဲ့ ရှမ်းပြည်တပ်မတော်–မြောက်ပိုင်းနဲ့ ထိုင်း–မြန်မာနယ်စပ်ရှိ မွန်ပြည်သစ်ပါတီတို့ဖြစ်ပါတယ်။

# ဒေါ်စုလွတ်ရေးဆုတောင်းသူ နော်အုန်းလှတို့ကို တရားစွဲထားမှု သက်သေစစ်ဆေး

**DVB ၊ ဒီဇင်ဘာ ၈ ။** ။ စစ်အစိုးရက ဖမ်းဆီးတရားစွဲထားတဲ့ အင်္ဂါဘုရားဖူးအဖွဲ့က နော်အုန်းလှတို့အမှုမှာ တရားလိုသက်သေတွေကို ဒီနေ့ ပြန်ခေါ်စစ်ဆေးတယ်လို့ အကျိုးဆောင်ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ဆုတောင်းလှူပ်ရှားတဲ့ နော်အုန်းလှ၊ မချိုချိုလွင်၊ မချိုချိုအေးနဲ့ မစန်းစန်းမြင့်တို့ကို ပြီးခဲ့တဲ့ အောက်တိုဘာ ၃ ရက် သီတင်းကျွတ်လပြည့်နေ့ တောင်ဒဂုံ ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပြီးအပြန်မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပါတယ်။ ဒီနေ့ အင်းစိန်ထောင်တွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှာ တရားလိုပြသက်သေတွေကို စစ်ဆေးမေးမြန်းချက်ခဲ့တယ်လို့ ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အန်အယ်လ်ဒီ အယ်လ်အေက လူပုဂ္ဂိုလ်တဦးပေးပို့တဲ့ငွေကို လက်ခံတယ်ဆိုပြီး အာဏာပိုင်တွေက နော်အုန်းလှ အပါအဝင် လူတချို့ကို စွပ်စွဲထားတာပါ။ ဒီစွဲဆိုချက်ကို ပယ်ဖျက်ပေးဖို့ခရိုင်တရားရုံးကို တင်ပြရာမှာ ပယ်ချလိုက်တဲ့အတွက် တိုင်းတရားရုံးကို ဆက်လက်တင်ပြထားပြီး မနက်ဖြန်မှာ စွဲချက်နဲ့ပတ်သက်လို့ လက်ခံသင့် မသင့် လျှောက်လဲချက်ပေးမယ်လို့ ဦးကျော်ဟိုးက ရှင်းပြပါတယ်။

"အန်အယ်လ်ဒီ အယ်လ်အေက အီဗာ ခေါ် ဆန်းလှိုင်ကနေ ငွေပို့ပေးတယ်၊ ရွှေဂျိုးက သွားယူတယ်၊ ဦးစိန်လှိုင်ကို ပေးတယ်၊ ဦးစိန်လှိုင်ကနေ မချိုသခင် အုန်းမြင့်၊ ဦးအောင်သိန်း၊ စီအီးစီ ဦးဝင်းတင်ကို ပေးတယ်ဆိုပြီး စွပ်စွဲတာပဲ။ ဒါပေမယ့် ဒီလေးယောက် ပေးနေတာ ငွေအပေးအယူလုပ်တဲ့ အထောက်အထားမျက်မြင်သက် သေရှိလားဆိုတဲ့ အပေါ်မှာ မခိုင်လုံဘူးပေါ့ဗျာ၊ ဒါကြောင့် ဒီစွဲချက်က မတင်သင့်ဘူး၊ ပယ်ဖျက်ပေးဖို့တက်တာ။" တရားလိုပြသက်သေစစ်ချက်ပြီးရင် တရားခံပြသက်သေတွေကို တင်ပြရမှာမို့ ဒေါ်နော်အုန်းလှတို့ ၄ ဦးအတွက် တရားခံပြသက်သေ ၈ ဦး တင်ပြဖို့ စီစဉ် ထားတယ်လို့ ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။ နော်အုန်းလှတို့ဘက်က သက်သေအဖြစ်လိုက်ပါပေးမယ့် သူတွေကတော့ အင်္ဂါဘုရားဖူးအဖွဲ့ဝင်တွေဖြစ်တဲ့ ဒဂုံမြို့သစ်တောင်ပိုင်းက ဒေါ်ခင်အေးနဲ့ ဦးအေး၊ ဒဂုံမြို့သစ် မြောက်ပိုင်းက ဒေါ်ခင်ဝင်းနိုင်၊ ဦးသိန်းကြည်၊ ရွှေပြည်သာမြို့နယ်က ဒေါ်ငြိမ်းတင်နဲ့ ဒေါ်နန်းညိုလွင်တို့ပဲလို့ သိရပါတယ်။

အဖွဲ့ချုပ် လူမှုထောက်ကူပြုအဖွဲ့ဝင် မချို (မမြင့်မြင့်စန်း) အပေါ် တရားမဝင်အသင်းနဲ့ဆက်သွယ်မှု ပုဒ်မ ၁၇–(၁) နဲ့ တရားစွဲထားမှုအတွက် အယူခံကိုလည်း တိုင်းတရားရုံးမှာ လျှောက်လဲဖို့ ခွင့်ပြုချက်ရပြီလို့သိရပါတယ်။ မချိုနဲ့အတူ သုံးရောင်ခြယ်အဖွဲ့က ကိုစိန်လှိုင်၊ လှိုင်မြို့နယ် အဖွဲ့ချုပ်ဝင် ကို ရွှေဂျိုးတို့ကို ပြီးခဲ့တဲ့မတ်လမှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပြီး စက်တင်ဘာမှာ သူ တို့ကို တရားမဝင်အသင်းနဲ့ဆက်သွယ်မှု ပုဒ်မ ၁၇–(၁) နဲ့ တရားစွဲခဲ့ပါတယ်။ သူ တို့ဟာ ပြည်ပအဖွဲ့အစည်းတွေရဲ့အကူညီနဲ့နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့ခဲ့တယ်လို့ အာဏာပိုင်တွေက တရားစွဲထားတာပါ။ မနက်ဖြန် တိုင်းတရားရုံးချုပ်မှာ သွားရောက်လျှောက်လဲရမယ့် အယူခံအချက်အလက်တွေကို မချိုရဲ့ရှေ့နေဦးကျော်ဟိုးက ပြောပြပါတယ်။

"သက်သေတင်ရမယ့်အချိန် မရောက်သေးဘူး၊ ပြန်ခေါ်ပဲ စစ်သေးတာကိုး၊ ပြန်ခေါ်စစ်ပြီးမှ သက်သေစာရင်းတင်ရမယ်။ သူတို့ အင်္ဂါဆုတောင်းတဲ့အဖွဲ့ထဲက သက်သေ ရှစ်ယောက်ပြဖို့တော့ ပြင်ဆင်ထားတယ်။"

# ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ရန် ဒဗလျူအယ်လ်ဘီက စည်းရုံးမည်

**DVB၊ ဒီဇင်ဘာ ၉ ။** ။ လာမယ့်နှစ်မှာ နအဖစစ်အုပ်စုဦးစီးကျင်းပမယ့် ရွေးကောက်ပွဲကို နည်းမျိုးစုံနဲ့ တိုက်ဖျက်သွားမယ်လို့ ပြည်ပမှာ ဖွဲ့စည်းထားတဲ့ အမျိုးသမီးမဟာမိတ်အဖွဲ့က ဒီနေ့ကျရောက်တဲ့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB ထူထောင်ခြင်း ၁၀ နှစ်မြောက်မှာ ပြောဆိုလိုက်တာပါ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြုလုပ်မယ့် ရွေးကောက်ပွဲကို ဆန့်ကျင်သွားမယ်လို့ WLB ရဲ့ အထွေထွေအတွင်းရေးမှူး လွေးအေးနန်းက ပြောပါတယ်။

“၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို WLB အနေနဲ့ ကြည့်မယ်ဆိုရင် မြန်မာပြည်သူလူထုတွေရဲ့ ဆန္ဒမပါဘဲနဲ့ အတင်းအဓမ္မအတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံဖြစ်တယ်။ အထူးသဖြင့် အမျိုးသမီးတွေရဲ့ ဘဝလုံခြုံရေး၊ ကျားမတန်းတူရေးနဲ့ ပတ်သက်တဲ့ အချက်တွေကို အာမခံနိုင်တဲ့ ပြဋ္ဌာန်းချက်တွေလည်း မပါဘူး။ အဲဒီ ၂၀၀၈ အခြေခံဥပဒေကို ကျမတို့တတွေက လက်မခံနိုင်ဘူး။ ၂၀၀၈ အခြေခံဥပဒေ အပေါ်မှာ အခြေခံပြီး ပြုလုပ်သွားမယ့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ကန့်ကွက်တယ်။”

၂၀၁၀ ရွေးကောက်ပွဲဟာ အမျိုးသမီးတွေကို ဆင်းရဲမွဲတေမှုနဲ့ အကြမ်းဖက်ခံရမှု သံသရာလည်နေစေမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲ ဆန့်ကျင်ရေး လုပ်ဆောင်မယ့် အစီအစဉ်ကို လွေးအေးနန်းက ရှင်းပြပါတယ်။

“အထူးသဖြင့် အမျိုးသမီးတွေ အပေါ်မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နှောင့်ယှက်မှု၊ စော်ကားမှုတွေဖြစ်နေတယ်။ အဓိက ကျူးလွန်နေတဲ့ ပုဂ္ဂိုလ်တွေက ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပသွားမယ့် သူတွေဖြစ်တယ်။ သူတို့ အာဏာကို တရားဝင်ဖြစ်အောင် သူတို့လုပ်သွားမယ်။ ၂၀၁၀ ရွေးကောက်ပွဲသာ ပြီးသွားရင် အမျိုးသမီးတွေရဲ့အခြေအနေဟာ ပိုမိုစိုးရိမ်စရာတွေ ဖြစ်လာမယ်။ “

နိုင်ငံတကာကနေ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံအောင်၊ အားမပေးအောင်ဆိုတဲ့ လှုံ့ဆော်ရေးတွေ လုပ်သွားမယ်။ လက်ရှိ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပသွားမယ့် စစ်ခေါင်းဆောင်တွေဟာ ရာဇဝတ်မှုကို ကျူးလွန်တဲ့သူတွေဖြစ်တယ်၊ ရွေးကောက်ပွဲ ကျင်းပပြီးလို့ တက်လာမယ့် အစိုးရသစ်ကလည်း စစ်ဝတ်စုံကိုချွတ်ပြီး အရပ်သားဝတ်စုံနဲ့တက်လာမယ်၊ သူတို့တွေက ရာဇဝတ်ကောင်တွေဖြစ်ပါတယ်ဆိုတဲ့ စည်းရုံးလှုံ့ဆော်ရေးတွေ နိုင်ငံတကာက သိအောင် ကျမတို့ ဆက်လက်လုပ်ဆောင်မယ့် လုပ်ငန်းတွေရှိတာပေါ့။”

WLB ကို ၁၉၉၉ ဒီဇင်ဘာ ၉ ရက်နေ့မှာ တိုင်းရင်းသားအမျိုးသမီးအဖွဲ့တွေစုပြီး ဖွဲ့စည်းခဲ့ရာ အခုအခါ ၁၂ ဖွဲ့ ပါဝင်နေပြီး ဒီအဖွဲ့ချုပ်ဟာ အမျိုးသမီးစွမ်းရည်မြှင့်မားရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ကမ္ဘာသိအောင်လုပ်ဆောင်နေပါတယ်။ ဒီနေ့ကျရောက်တဲ့ ၁၀ နှစ်မြောက် အခမ်းအနားကို ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံနယ်စပ်တွေနေရာ ၄ ခုမှာ ကျင်းပကြပါတယ်။ ဘင်္ဂလာဒေ့ရှ်နယ်စပ် ကော့ဘဇားမြို့မှာ ပြုလုပ်တဲ့အခမ်းအနားအကြောင်းကို အခမ်းအနားတက်ရောက်တဲ့ WLB သဘာပတိအဖွဲ့ဝင် စောမြရာဇာလင်းက ပြောပါတယ်။

“တော်လှန်ရေး နယ်ပယ်ထဲကို ရောက်ရှိနေကြပြီး သက်ကြီးရွယ်အို ဖြစ်လာကြတဲ့ အမျိုးသမီးတွေ၊ အမျိုးသားတွေကို ကျမတို့ဂုဏ်ပြုလက်ဆောင်တွေ ပေးတယ်၊ ရခိုင်ရိုးရာအက သီချင်းတွေနဲ့ ကျမတို့ဖြေဖျော်မယ်၊ WLB ကို သရုပ်ဖော်နဲ့ ပုံဖော်ပြီး WLB ကိုတ်မုန့်တွေကို လှီးပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုဆန့်ကျင်သွားကြမလဲဆိုတာကို နိုင်ငံရေးအဖွဲ့အစည်း အသီးသီးက ရောက်လာကြတဲ့ ရဟန်းရှင်လူ ပြည်သူအားလုံးနဲ့အတူ ဒီနေရာမှာ တဦးနဲ့တဦး၊ တဖွဲ့နဲ့တဖွဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးကြမှာဖြစ်ပါတယ်။”

ဒေသစံတော်ချိန် နေ့ခင်း ၁ နာရီခွဲ ကနေ ၅ အနာအထိ ပြုလုပ်တဲ့ ဒီအခမ်းအနားကို ဒေသခံလူထုတွေနဲ့ အဖွဲ့အစည်းတွေရော လူဦးရေ ၂၀၀ ဝန်းကျင် တက်ရောက်ကြတယ်လို့ပြောပါတယ်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့နဲ့ မဲဆောက်မြို့တွေမှာလည်း ၁၀ နှစ်ပြည့်အခမ်းအနားတွေ ကျင်းပကြပါတယ်။

# အောင်လံမြို့နယ်က လယ်မြေအသိမ်းခံတောင်သူ ၂ ဦးကို ထောင်ဒဏ် ၇ နှစ်ချ

**DVB၊ ဒီဇင်ဘာ ၁၀ ။** ။ နယ်မြေခံအာဏာပိုင်တွေက လယ်မြေသိမ်းဆည်းတဲ့အပေါ် ကမ္ဘာ့အလုပ်သမားရေးရာအဖွဲ့ချုပ်ကို တိုင်ကြားရာမှာပါဝင်လက်မှတ်ထိုးသူနှစ်ဦးကို တရားရုံးက ဒီနေ့ ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်ပါတယ်။

မကွေးတိုင်း အောင်လံမြို့နယ်တရားရုံးက တောင်သူကြီး ဦးညဏ်မြင့်နဲ့ ပေါက်စလေး (ခေါ်) ကိုသူရအောင်တို့ သားအဖနှစ်ယောက်ကို ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားမှု ပုဒ်မ ဖ–၁ နဲ့ ဒီနေ့ထောင်ဒဏ် ၇ နှစ်စီ ချမှတ်လိုက်တာပါ။ သူတို့သားအဖဟာ ၂၀၀၇ ခုနှစ်မှာ သကြားစက်တာဝန်ရှိသူတွေ တောင်သူတွေရဲ့လယ်သိမ်းတုန်းက ILO ကို တိုင်ကြားသူတွေထဲမှာ ပါဝင်ခဲ့ပြီး ILO ကူညီဖြေရှင်းပေးမှုကြောင့် သူတို့လယ်တွေ ပြန်လုပ်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် သစ်ခုတ်တဲ့ ရွာသားတချို့က သူတို့လယ်ပေါ်မှာ သစ်ကိုင်းရှင်းရင်း ကျန်ရစ်ခဲ့တဲ့ သစ်ကိုင်းတွေကို အကြောင်းပြုပြီး သစ်တောဌာနက ပြီးခဲ့တဲ့ ဩဂုတ်က တရားစွဲခဲ့တာလို့ မိသားစုဝင်တယောက်က ရှင်းပါတယ်။

“ကိုညဏ်မြင့်တို့က ILO ကို တိုင်တန်းတဲ့အမှုထဲမှာ လက်မှတ်ထိုးပြီး ဦးဆောင်ပါဝင် တိုင်တန်းခဲ့တဲ့သူတွေပေါ့။ သူတို့ယာမြေတွေ ပြန်ရတော့ နွေရာသီမှာ ဝင်ရောက်ထွန်ယက်ဖို့ ယာခင်းထဲမှာရှိတဲ့ ကိုင်းဖျားကိုင်းနားလေးတွေကို ရှင်းလင်းတာကို သစ်တောဦးစီးမှူးနဲ့ရယကပြုတ် ကိုအောင်ဝင်းတို့ကနေ ရဲစခန်းကို ကိုညဏ်မြင့်တို့က ယူကလစ်တုံးတွေခုတ်ပြီး အသုံးချနေပါတယ်ဆိုပြီး တိုင်တန်းတယ်။ စစ်ဆေးတဲ့အခါသေချာ၊ မှန်ကန်တယ်ဆိုပြီး ထောင်ချလိုက်တယ်။ အမှန်တကယ် သူတို့ဟာ ဘာမှခုတ်တာမဟုတ်ဘူး။ မီးသွေးဖုတ်တာလည်း မဟုတ်ဘူး။”

အောင်လံမြို့နယ်တရားသူကြီး ဦးဝင်းမြင့်က ဒီမနက် ၁၀ နာရီမှာ အမိန့်ချလိုက်ပြီးတာနဲ့သရက်ထောင်ကို ပို့လိုက်ပြီး အမိန့်မချခင် အောင်လံမြို့နယ်ရဲစခန်းမှာ ၄ လနီးပါးထိန်းသိမ်းခံခဲ့ရပါတယ်။ သူတို့ရဲ့ မိသားစုဝင်တွေကော့ ILO ကို တိုင်ကြားရာမှာ ဦးဆောင်လို့ အမှုဆင်ထောင်ချခံတာလို့ ယူဆပြီး အယူခံမတင်တော့ဘူးလို့ ပြောပါတယ်။

“အယူခံ ဘာကြောင့် မတင်သလဲဆိုတော့ နိုင်ငံတော်အကြီးအကဲတွေနဲ့ ILO ကို တိုင်ထားတဲ့ သူတွေဖြစ်တယ်။ နောက်ဆုံး နားလည်မှု စာချွန်လွှာရဲ့ အပိုဒ်မှာ အဓမ္မထောင်ချတဲ့ကိစ္စတွေ၊ အဓမ္မလုပ်အားခိုင်းစေမှုတွေ မပြုလုပ်ပါဘူးလို့ သူတို့အနေနဲ့ ကတိကဝတ်ပြုထားတာကို ဒီလိုမျိုးအမှုဆင်ပြီး ထောင်ချတာဟာ အဓမ္မဖြစ်နေပြီ။ နားလည်မှု စာချွန်လွှာကို အောက်ခြေအာဏာပိုင်တွေက ချိုးဖောက်လိုက်တာပဲ။ ဒါကြောင့် ILO ရဲ့အလုပ်ဖြစ်တဲ့အတွက် ဆက်ပြီး သူ့လုပ်ငန်းသူ လုပ်သွားလိမ့်မယ်။”

တရားရုံးရဲ့စီရင်ချက်ဟာ နောက်နောင်မှာ အာဏာပိုင်တွေရဲ့မတရားမှုကို ILO ကို မတိုင်ရဲအောင် ခြိမ်းခြောက်တာလို့ မိသားစုဝင်တွေကပြောပါတယ်။ မတရားမှုတွေ ဆက်ဖြစ်နေရင်တော့ ILO နဲ့ နိုင်ငံတော်အကြီးအကဲတွေသိအောင် ဆက်လက်တိုင်ကြားသွားမယ်လို့ဆိုပါတယ်။ အောင်လံမြို့နယ်မှာ သုံးနှစ်ခန့်အတွင်း ILO တိုင်ကြားသူ စုစုပေါင်း ၂၀ ကျော်တရားစွဲဆိုထောင်ချခံရပြီးဖြစ်ပါတယ်။

# စစ်မှန်သောရွေးကောက်ပွဲ၊ အာဏာရှင်ရွေးကောက်ပွဲနှင့် မြန်မာပြည်အနာဂတ်

ခင်မမမျိုး

## ရွေးကောက်ပွဲ

ဒီစကားလုံးဟာ မျက်မှောက်ခေတ်မြန်မာ့နိုင်ငံရေး ဆွေးနွေးပွဲတွေ၊ မီဒီယာတွေ၊ စာတမ်းဖတ်ပွဲတွေမှာ ရေပန်းအတော်စားနေတဲ့ စကားလုံးတခုပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေတည်ပြီးထွက်ပေါ်လာမှာဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဆွေးနွေးကြ၊ ငြင်းခုံကြ၊ သဘောထားတွေဖလှယ်ကြနဲ့မို့ ပြည်တွင်း ပြည်ပ နိုင်ငံရေးလောကတခုလုံးမှာ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အသံတွေ အများအပြားထွက်ပေါ်နေပါတယ်။

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါတဲ့အချက်တခုဖြစ်တာကြောင့် ရွေးကောက်ပွဲကို အားပေးထောက်ခံသင့်တယ်၊ ရွေးကောက်ပွဲဝင်သင့်တယ်၊ ပါလီမန်ထဲရောက်မှ နိုင်ငံရေးဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့အဆိုပြုသူတွေလည်း ရှိပါတယ်။ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းတွေ ပါတီထောင်ခွင့်တွေထွက်ပေါ်လာသေးတာ မရှိပေမယ့် ရွေးကောက်ပွဲဝင်မယ့်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ စည်းရုံးလှုံ့ဆော်မှုတွေကလည်း ပြည်တွင်းမှာပေါ်ထွက်နေပါတယ်။ တပြိုင်နက်တည်းမှာတင် ရွေးကောက်ပွဲဟာ ပြည်သူလူထုရဲ့အကျိုးကျေးဇူးကို ဆောင်ကျဉ်းပေးနိုင်မှာမဟုတ်ဘူးဆိုတဲ့အချက်ကို ဆုပ်ကိုင်ပြီး ပြည်သူလူထုနဲ့နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ ပူးပေါင်းအကောင်အထည်ဖော်တဲ့ အာဏာရှင်ရွေးကောက်ပွဲ ဆန့်ကျင်ရေးကင်ပိန်းတွေကလည်း ထွက်ပေါ်လာပါတယ်။

ဒီနေရာမှာ စကားလုံးအရ ကွဲပြားမှုအချက်နှစ်ခုကို သတိပြုမိဖို့လိုပါတယ်။ ရွေးကောက်ပွဲကို ထောက်ခံအားပေးသင့်တယ်လို့ အဆိုရှိသူများက ရွေးကောက်ပွဲဆိုတဲ့စကားလုံးကိုဘဲ အသုံးပြုထားပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲရဲ့ သရုပ်မှန်ဖြစ်တဲ့ အာဏာရှင်ရွေးကောက်ပွဲဆိုတဲ့ စကားလုံးကို ထည့်သွင်းအသုံးပြုထားတာမရှိပါဘူး။ ဒီလိုဘဲ ရွေးကောက်ပွဲကိုဆန့်ကျင်သူများကလည်း အာဏာရှင်ရွေးကောက်ပွဲကို ဆန့်ကျင်တာဖြစ်ပါတယ်။ တိုင်းပြည်တပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ အရေးပါတဲ့ စစ်မှန်သောရွေးကောက်ပွဲဆိုတာကို ဆန့်ကျင်တာမဟုတ်ပါဘူး။ ဒီတော့ စစ်မှန်သောရွေးကောက်ပွဲကို ဘာကြောင့် ထောက်ခံသင့်သလဲ၊ အာဏာရှင်ရွေးကောက်ပွဲကို ဘာကြောင့် ကန့်ကွက်သင့်သလဲဆိုတာ လေ့လာကြည့်ကြရအောင်ပါ။

## ရွေးကောက်ပွဲဆိုရာဝယ်

ရွေးကောက်ပွဲနဲ့မဲပေးခြင်းဆိုတာ ကိုယ်စားပြုဒီမိုကရေစီ Representative Democracy နဲ့ အများဆုံးဆက်နွှယ်နေပါတယ်။ ကိုယ်စားပြုခြင်း Representative ဆိုတာကို နိုင်ငံရေးရှုထောင့်ကနေ အနက်အဓိပ္ပာယ်ပြန်ဆိုတဲ့အခါ လူအများကိုကိုယ်စားပြုပြီး လူတဦးတယောက်ကနေ သို့မဟုတ် လူတစုကနေရပ်တည်တာ၊ လုပ်ငန်းဆောင်တာတွေပြုလုပ်တာလို့ အဓိပ္ပာယ်ရပါတယ်။ ကိုယ်စားပြုဒီမိုကရေစီဆိုတာကတော့ အစိုးရနဲ့ပြည်သူတွေအကြားမှာ ကိုယ်စားပြုမှုဆိုတဲ့ သဘောတရားပါဝင်လာတဲ့အတွက် အစိုးရဟာ ပြည်သူလူထုရဲ့ဆန္ဒသဘောတွေနဲ့ အကျိုးစီးပွားကိုကိုယ်စားပြုတဲ့ နိုင်ငံတော်အုပ်ချုပ်ရေးစနစ်တခုဖြစ်ပါတယ်။ ဒီတော့ လူထုကိုယ်စားပြုတဲ့ ဒီမိုကရေစီစနစ်အတွက် ရွေးကောက်ပွဲတွေဟာ လုံလောက်တဲ့အခြေအနေ cufficient condition မဟုတ်ရင်တောင် လိုအပ်တဲ့အခြေအနေ necessary condition တခုဖြစ်လာပါတော့တယ်။

ဘယ်လိုဘဲဖြစ်ဖြစ် ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်ရဲ့ အရေးအကြီးဆုံးနှလုံးသားဖြစ်တယ်လို့ တွေးမြင်ယူဆသူတွေလည်း ပေါ်ထွက်လာပါတယ်။ ဒီအတွေးအမြင်ကို ရောင်ပြန်ဟပ်စေတဲ့အယူအဆတွေကို Joseph Schumpeter ရေးသားတဲ့ Capitalism, Socialism, Democracy 1942 စာအုပ်ထဲမှာ အတိအကျတွေ့မြင်နိုင်ပါတယ်။ ဒီမိုကရေစီဆိုတာ ပြည်သူတွေက သူတို့ကိုအုပ်ချုပ်မယ့်သူတွေကို လက်ခံခြင်း၊ ကန့်ကွက်ခြင်းဖြစ်တယ်လို့ သူကဆိုခဲ့ပါတယ်။

သူ့ရဲ့အဆိုကိုလက်ခံပြီး ဒီမိုကရက်တစ်အစိုးရဆိုတာကို ရွေးကောက်ပွဲပြုလုပ်ပေးတဲ့ အစိုးရအနေနဲ့သာ ယုံကြည်ရေးသားကြတဲ့ နိုင်ငံရေးသီအိုရီပညာရှင်တွေ အများအပြားပါဘဲ။ ဒါပေမယ့် အာဏာရှင်အစိုးရတွေကလည်း ရွေးကောက်ပွဲတွေ ကျင်းပလာပြီး ဒီမိုကရေစီအစိုးရတွေအနေနဲ့ အသွင်ဆောင်လာတဲ့အခါမှာကျတော့ အတုနဲ့အစစ်ကိုခွဲခြားနိုင်ဖို့အတွက် စစ်မှန်သောရွေးကောက်ပွဲဆိုတဲ့ သဘောတရားက ထပ်မံထွက်ပေါ်လာရပါတော့တယ်။

## စစ်မှန်သောရွေးကောက်ပွဲ

စစ်မှန်သောရွေးကောက်ပွဲဆိုတာကို တိုင်းတာဖို့အတွက် နိုင်ငံရေးပါတီတွေအကြား အဖွဲ့အစည်းတွေအကြား ပြိုင်ဆိုင်မှုရှိတဲ့ရွေးကောက်ပွဲဖြစ်ခြင်း မဖြစ်ခြင်းက အရေးကြီးတဲ့အချက်တခုဖြစ်ပါတယ်။ တပါတီစနစ်ကို တပါတီအာဏာရှင်စနစ်အဖြစ် သတ်မှတ်ပုံဖော်ခြင်းဟာ ဒီအချက်နဲ့ဆိုင်ပါတယ်။

အပြိုင်အဆိုင်ကင်းမဲ့နေတာဖြစ်တဲ့အတွက် ပြုလုပ်တဲ့ရွေးကောက်ပွဲတွေကို စစ်မှန်သောရွေးကောက်ပွဲလို့ မသတ်မှတ်နိုင်ပါဘူး။ စစ်မှန်သောရွေးကောက်ပွဲမဟုတ်တဲ့ ရွေးကောက်ခံရပြီးတက်လာတဲ့အစိုးရဟာလည်း အာဏာရှင်အစိုးရဘဲဖြစ်ပါတယ်။ ဒီလိုအစိုးရရှိနေတဲ့ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးစနစ်ကိုလည်း အာဏာရှင်စနစ်လို့ဘဲ သတ်မှတ်ခေါ်ဆိုနိုင်ပါတယ်။ တကယ်တော့ ရွေးကောက်ပွဲဆိုတာက တခြားနိုင်ငံရေးဆက်ဆံရေးလမ်းကြောင်းတွေလိုဘဲ အစိုးရနဲ့လူထုအကြား ရေပေါ်ဆီနိုင်ငံရေးသမားတွေနဲ့ အများပြည်သူတွေအကြားမှာ တဦးနဲ့တဦးလွှမ်းမိုးခွင့်ကိုကြိုးပမ်းအားထုတ်ကြရတဲ့ နှစ်လမ်းသွားပုံသဏ္ဍာန်ဘဲဖြစ်ပါတယ်။ အပြိုင်အဆိုင်ရှိတဲ့ရွေးကောက်ပွဲတွေရဲ့ အဓိက လုပ်ငန်းဆောင်တာတွေကတော့

### ၁။ နိုင်ငံရေးသမားများကို ရွေးချယ်ခန့်ထားခြင်း

ရွေးကောက်ပွဲဆိုတာဟာ နိုင်ငံတော်အတွက်လိုအပ်တဲ့ ပြည်သူ့ရေးရာဌာနတွေမှာ တာဝန်ထမ်းဆောင်ဖို့လိုအပ်တဲ့ နိုင်ငံရေးသမားတွေကို ရွေးချယ်ခန့်ထားခြင်းတမျိုးဘဲဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးသမားတွေကို ကနဦး ရွေးချယ်ကြရပါတယ်။ ဒီနိုင်ငံရေးသမားတွေဟာ ပြည်သူ့ရေးရာဌာနတွေနဲ့ပတ်သက်တဲ့ အသိပညာတွေ၊ အတွေ့အကြုံတွေ ရှိနေဖို့လိုအပ်သလို လူထုဆက်ဆံရေးမှာလည်း ကျွမ်းကျင်သူများဖြစ်ရပါမယ်။

ဒီနိုင်ငံရေးသမားတွေရဲ့နောက်ကွယ်မှာလည်း သက်ဆိုင်ရာကဏ္ဍအလိုက်ကျွမ်းကျင်သူတွေရှိရပါမယ်။ ပြည်သူ့ရေးရာဌာနတခုကို နိုင်နိုင်နင်းနင်း မှန်မှန်ကန်ကန် တာဝန်ယူနိုင်မှုဆိုတာ ကမ္ဘာ့အမြင့်ဆုံးတောင်တွေကို တက်တာနဲ့အတူတူပါဘဲ။ တောင်ထိပ်ရောက်သွားတဲ့ တောင်တက်သမားတွေကိုဘဲ လူအများကမှတ်မိချီးကျူးတတ်ကြတယ်။ စံချိန်တင်တတ်ကြတယ်။ ဒီတောင်တက်သမားတယောက်တောင်ထိပ်ရောက်သွားဖို့ ဇွဲ လုံ့လ ဝီရိယ သတ္တိနဲ့ စိတ်ခွန်အားတွေလိုအပ်သလို စနစ်တကျပံ့ပိုးပေးနိုင်တဲ့ Crew member လေးရာကျော်လိုအပ်ပါတယ်။ နောက်ကွယ်မှာ ပံ့ပိုးမှုတွေမပါဘဲ ကမ္ဘာ့အမြင့်ဆုံးတောင်တွေရဲ့ တောင်ထိပ်တွေကိုရောက်သွားတဲ့ တောင်တက်သမားတွေအတော်နည်းပါတယ်။

နိုင်ငံရေးသမားဆိုတာလည်း ဒီအတိုင်းပါဘဲ။ ပြည်သူ့ရေးရာဌာနတခုခုကို တာဝန်ယူရမယ့် နိုင်ငံရေးသမားတွေလည်း ဒီအတိုင်းပါဘဲ။ ဘယ်သူမှကဏ္ဍစုံမှာ နက်နက်နဲနဲမကျွမ်းကျင်ကြပါ။ ကဏ္ဍစုံမှာကျွမ်းကျင်သူတွေကို စီမံခန့်ခွဲနိုင်တဲ့အရည်အချင်းကသာ ကျွမ်းကျင်သယောင်ယောင်ဖြစ်နေတဲ့ အရည်အချင်းထက် ပိုတန်ဘိုးရှိပါတယ်။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# တိုင်းနှင့်ပြည်နယ်တို့၌ အဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း

**DVB၊ ဒီဇင်ဘာ ၇။** ။ မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့ တနင်္သာရီတိုင်းတို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အမျိုးသမီးလုပ်ငန်းအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းနေကြပါတယ်။

မန္တလေးတိုင်း အရှေ့တောင်မြို့နယ် အမျိုးသမီးလုပ်ငန်းအဖွဲ့ကို ဒီလ ၅ ရက်မှာ ပြန်လည်ဖွဲ့စည်းပါတယ်။ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ အထောက်အကူပြုအဖွဲ့ဝင် ဒေါ်သန်းသန်းအေး၊ မန္တလေးတိုင်းဥက္ကဋ္ဌဦးသိန်းတန်နဲ့ တိုင်းစည်းရုံးရေးအဖွဲ့တို့က တာဝန်ယူဖွဲ့စည်းပေးတာလို့ ဒေါ်သန်းသန်းအေးက ပြောပါတယ်။ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထုတ်ပြန်ထားတဲ့ အမျိုးသမီးအဖွဲ့ လုပ်ငန်းသဘောထားနဲ့ ဖွဲ့စည်းပုံမူအရ ပြန်လည်ဖွဲ့စည်းလိုက်တာလို့လည်း ဒေါ်သန်းသန်းအေးက ပြောပါတယ်။ အဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပုံပါ အဓိကရည်ရွယ်ချက်သုံးချက် ပါရှိတယ်လို့ ဆိုပါတယ်။

ပထမအချက်ကတော့ ဒီမိုကရေစီနိုင်ငံထူထောင်ရာမှာ အရည်အချင်းအလိုက် သင့်တော်တဲ့ကဏ္ဍမှာ အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ဒုတိယအချက်က အမျိုးသမီးတွေ မိမိတို့ရဲ့လုပ်ပိုင်ခွင့်တာဝန်တွေကို စနစ်တကျဖော်ထုတ်ပြီး လုပ်ပိုင်ခွင့်များကို ခံစားနိုင်ခွင့်၊ တတိယအချက်ကတော့ နိုင်ငံတကာအမျိုးသမီးတွေနဲ့ ပူပေါင်းဆောင်ရွက်နိုင်ရေးတို့ဖြစ်တယ် လို့ ဒေါ်သန်းသန်းအေးကပြောပါတယ်။ မန္တလေးအရှေ့တောင်မြို့နယ် အမျိုးသမီး လုပ်ငန်းအဖွဲ့မှာ တာဝန်ခံ ၁ ဒေါ်ခင်မာလာ၊ အတွင်းရေးမှူး ဒေါ်နီလာကြိုင်နဲ့ ဘဏ္ဍာရေးမှူးဒေါ်အေးအေးမိတို့ဖြစ်ပါတယ်။ မန္တလေးမြို့ပေါ် ကျန် ၃ မြို့နယ်အပါအဝင် မန္တလေးတိုင်းထဲက မြို့နယ်အားလုံးမှာ အမျိုးသမီးလုပ်ငန်းအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းရေးကိစ္စကို ဒီဇင်ဘာလကုန် အပြီးဆောင်ရွက်ဖို့ကြိုးစားနေတယ်လို့ ဒေါ်သန်းသန်းအေးက ပြောပါတယ်။ မကွေးတိုင်းမှာလည်း မြို့နယ်အမျိုးသမီးလုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းနေကြပါတယ်။

ဒီလ ၅ ရက်မှာ တောင်တွင်းကြီးမြို့နယ် အမျိုးသမီးလုပ်ငန်းအဖွဲ့ကို အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးအပါအဝင် ၇ ဦးနဲ့ ဖွဲ့စည်းပေးခဲ့တယ်လို့ တိုင်းအမျိုးသမီးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်စောမြင့်ကပြောပါတယ်။ တနင်္သာရီတိုင်းမှာလည်း အလားတူဖွဲ့စည်း နေတယ်လို့ ကော့သောင်းမြို့နယ် အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခင်အေးမူက ပြောပါတယ်။ မြိတ်မြို့နယ်အမျိုးသမီးလုပ်ငန်းအဖွဲ့ကို မနက်ဖြန်စတင်ဖွဲ့စည်းမှာဖြစ်ပြီး ပုလောစတဲ့ ကျန်မြို့နယ်တွေမှာလည်း ဆက်လက်ဖွဲ့စည်းသွားဖို့ရှိပြီး ဗဟိုကလာမယ့် ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာပါလို့ ဒေါ်ခင်အေးမူကပြောပါတယ်။

ကော့သောင်းမြို့နယ်အမျိုးသမီးလုပ်ငန်းအဖွဲ့ကိုတော့ နိုဝင်ဘာ ၁၃ ရက်ကတည်းက ဖွဲ့စည်းခဲ့ပြီလို့ပြောပါတယ်။ ၁၉၉၇ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့တွေကို ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ညွှန်ကြားချက်အရ ဖျက်သိမ်းခဲ့ပြီး အခု ပြန်လည်စုစည်းပြီး ပြင်ဆင်ဖွဲ့စည်းရတာပါလို့ ဒေါ်ခင်အေးမူက ရှင်းပြသွားပါတယ်။

# ကိုညီညီအောင် အစာငတ်ခံ ဆန္ဒပြ

**DVB၊ ဒီဇင်ဘာ ၇။** ။ စစ်အုပ်စုက ဖမ်းဆီးတရားစွဲထားတဲ့ အမေရိကန်နိုင်ငံသား ကိုညီညီအောင်ဟာ အင်းစိန်ထောင်ထဲမှာ အစာငတ်ခံဆန္ဒပြနေတယ်လို့ သူ့မိသားစုက ပြောပါတယ်။

ကိုညီညီအောင် အစာငတ်ခံဆန္ဒပြနေတယ်ဆိုတာကို သူ့အဒေါ် ဒေါ်စုစုကြည်က အင်းစိန်ထောင်မှာ ဒီနေ့ ထောင်ဝင်စာသွားတွေ့ရာမှာ သိလာရတာပါ။ စစ်အစိုးရက တွေ့ဆုံဆွေးနွေးရေးမလုပ်တာ၊ မတရားတဲ့ပုဒ်မတွေတပ်ပြီး တရားစွဲတာနဲ့ ထောင်တွင်းမှာ ဖိနှိပ်ချုပ်ချယ်မှုတွေပြန်လုပ်လာတာ စတဲ့သုံးချက်ကြောင့် အစာငတ်ခံဆန္ဒပြနေတာလို့ ကိုညီညီအောင်က ပြောပြလိုက်ကြောင်း ဒေါ်စုစုကြည်က ပြောပါတယ်။ ကိုညီညီအောင်ကို စစ်အစိုးရအာဏာပိုင်တွေက ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက်မှာ မင်္ဂလာဒုံလေဆိပ်ကနေဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးကာစ လုပ်တဲ့ အစိုးရသတင်းစာရှင်းလင်းပွဲမှာ ကိုညီညီအောင်ဟာ ဖောက်ခွဲရေးအပါအဝင်ကျူးလွန်မှုတွေရှိတယ်လို့ အာဏာပိုင်တွေက ပြောဆိုရှင်းလင်းခဲ့ပါတယ်။ အခုကျတော့ နိုင်ငံခြားငွေ တရားမဝင်လက်ဝယ်တွေ့ရှိမှု၊ လိမ်လည်မှု မှတ်ပုံတင်အတုလုပ်မှုတွေနဲ့ တရားစွဲထားပါတယ်။

ဒီတရားစွဲထားမှုတွေအတွက် လာမယ့်သောကြာနေ့မှာ ရုံးချိန်းရှိတယ်လို့ သူ့အဒေါ်က ပြောပါတယ်။ အင်းစိန်ထောင်မှာ အကျဉ်းကျနေတဲ့ ကိုညီညီအောင်ဟာ ဆောင်းတွင်း အေးစက်တဲ့ရာသီဥတုကို ရင်ဆိုင်နေရပြီး မညီညာတဲ့ ကြမ်းခင်း၊ စောင်ခြင်ထောင် မလုံလောက်မှုတို့ကြောင့် ကျောကုန်းမှာ အနာပေါက်နေတယ်၊ အစာငတ်ခံဆန္ဒပြနေတော့ အားအင်လည်း ချိနဲ့နေတယ်လို့ ဒေါ်စုစုကြည်က ပြောပါတယ်။ မြန်မာစစ်အစိုးရကို အစာငတ်ခံ ဆန္ဒပြတောင်းဆိုနေတဲ့ ကိုညီညီအောင်ရဲ့ လုပ်ဆောင်ချက်ကို ဒေါ်စုစုကြည်က အခုလိုပြောပါတယ်။

"တိုင်းပြည်နဲ့ ပြည်သူတွေ အားလုံးအတွက်ကို လုပ်နေတယ်။ သူ့ရဲ့ယုံကြည်ချက်၊ ခံယူချက်အပြည့်နဲ့လုပ်နေတာကို မပြောလိုဘူး၊ အပြစ်လည်းမဆိုဘူး၊ စိုးရိမ်တာတော့ စိုးရိမ်တာပေါ့"လို့ ပြောပါတယ်။ ကိုညီညီအောင် အစာငတ်ခံဆန္ဒပြတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးကို မေးကြည့်ရာမှာ ချက်ချင်း အဖြေမပေးနိုင်သေးပါဘူး။

# တီဗွီလိုင်စင်ကြေးနှင့် ဖြတ်ပိုင်း ပြဿနာ

**DVB၊ ဒီဇင်ဘာ ၇။** ။ ရန်ကုန်တိုင်းတွင်း မြို့နယ်တွေက လက်ဖက်ရည်ဆိုင်နဲ့ စားသောက်ဆိုင်တွေမှာ တီဗွီလိုင်စင် ကြေးအတွက် အမှန်တကယ်ပေးရတာက ကျပ် ၄ သောင်းခွဲ ဖြစ်ပေမဲ့ လက်ခံဖြတ်ပိုင်းမှာတော့ ၁ သောင်းပဲပြတယ်လို့ စားသောက် ဆိုင်ပိုင်ရှင်အချို့က ပြောပြပါတယ်။

မြန်မာ့ရုပ်ရှင်အစည်းအရုံးရဲ့ အမိန့်နဲ့ ရန်ကုန်တိုင်း ဗွီဒီယိုအဖွဲ့ကနေ မြို့နယ် အခြေခံရုံးတွေက တဆင့် စားသောက်ဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွေမှာ တီဗွီဖွင့်ပြမယ်ဆို လိုင်စင်လုပ်ရမယ်၊ ၇ ရက်အတွင်း မလုပ်ရင် ထောင်ဒဏ်၊ ငွေဒဏ်ချမယ်ဆိုပြီး နိုဝင်ဘာလ ၂၃ ရက်နေ့တုန်းက အင်းစိန်မြို့နယ်တွင်း လိုက်ကောက်ခဲ့ ပါတယ်။ အခွန်ဆောင်တဲ့သူတွေကို အခုလဆန်းပိုင်းမှာ စည်ပင်သာယာက ဓါတ်ပုံပါတဲ့ လိုင်စင်ကဒ် ထုတ်ပေးပြီး မြန်မာ့ရုပ်ရှင်အစည်းအရုံးရဲ့ ငွေလက်ခံပြေစာမှာတော့ ကျပ် ၁ သောင်းပဲ ရေးပေးတယ်လို့ စားသောက်ဆိုင်ရှင် တဦးက အခုလို ပြောပြပါတယ်။

"စည်ပင်လိုင်စင်မှာတော့ နှုန်းထားမရေးထားဘူး၊ တီဗွီလိုင်စင် ဘောက်ချာက ၁ သောင်းပဲရေးတယ်၊ တကယ်ဆောင်ရတာက ၁ သောင်းခွဲလောက်သွားကျတယ်။ အင်းစိန်မြို့နယ်ရုံးကတော့ ဒဏ်ငွေ၊ ထောင်ဒဏ်တို့ရေးထားတယ်။"

ဆိုင်တွေမှာ တီဗွီဖွင့်ပြရင် လိုင်စင်လုပ်ခိုင်းတဲ့ဥပဒေနဲ့ အင်းစိန်မြို့နယ်အခြေခံဗွီဒီယိုရုံးမှာ ကျပ် ၄ သောင်းခွဲပေးရပေမဲ့ ပြေစာမှာ ၁ သောင်းပဲ ရေးပေးတဲ့ အခြေအနေတွေကို ရှင်းရှင်းလင်းလင်းသိရဖို့ မြန်မာ့ရုပ်ရှင်အစည်းအရုံးကို ဆက်သွယ်မေးမြန်းတဲ့အခါ အမှုဆောင်လူကြီးတွေ မရှိဘူးလို့သာ အခုလို ဖြေကြားခဲ့ပါတယ်။

"ရန်ကုန်တိုင်းမှာ သူတို့ အမှုဆောင်ရှိတယ်၊ အမှုဆောင်က ပြောပြလိမ့်မယ်။ ကျမတို့က ဗွီဒီယို ဗဟိုကပါ၊ ဒီကိစ္စအပေါ် တာဝန်ရှိတာမဟုတ်ဘူး။" မြန်မာရုပ်ရှင်အစည်းအရုံး ဗွီဒီယိုဗဟိုက ဖုန်းကိုင်သူတဦးဖြေခဲ့တာဖြစ်ပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 435 Jun 25, 2009
Who is the cat and who is the mouse
ARMS
myBurma 09

# လူ့အခွင့်ရေးပြဿနာထဲ မြန်မာပြည်သူအများစုဟာ နစ်မွန်းနေကြရ

**Mizzima | ဒီဇင်ဘာ ၁၀ ။ ။** မြန်မာပြည်သည် လူ့အခွင့်အရေးပြဿနာ ထဲတွင် နစ်မွန်းနေရကြောင်း အဲန်အယ်လ်ဒီခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်က ယနေ့ကျရောက်သော ၆၁ နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့ရှိ အဲန်အဲယ်လ်ဒီအဖွဲ့ချုပ်ရုံးမှာ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့တဲ့ ၆၁ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အဖြစ်ကျင်းပတဲ့ စကားဝိုင်းမှာအခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။

“ဒီနေ့ မြန်မာပြည်က လူ့အခွင့်အရေးပြဿနာထဲမှာ နစ်မွန်းနေရတယ်။ အကျဉ်းသားတွေကိစ္စနဲ့သာ လူ့အခွင့်အရေးပြဿနာဖြစ်နေရတာမဟုတ်ဘဲ၊ လူထုတရပ်လုံးမှာလည်း လူ့အခွင့်အရေးပြဿနာတွေနဲ့ရင်ဆိုင်နေရတယ်။ မြန်မာပြည်တပြည်လုံး လူ့အခွင့်အရေးတွေအားလုံး အမှောင်ကျနေပြီး နစ်မွန်းနေတဲ့အတွက် လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့လိုအပ်တယ်။” လို့ ဦးဝင်းတင်ကပြောပါတယ်။

မီဒီယာတွေလွတ်လပ်ခွင့်မရှိခြင်း၊ အကျဉ်းသားအခွင့်အရေးချိုးဖောက်ခံရခြင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားဒေသများတွင်အတင်းအကျပ်လုပ်အားပေးခိုင်းစေခြင်း၊ တိုင်းရင်းသူများကို မတရားပြုကျင့်ခြင်း၊ ကျေးရွာများအစုလိုက်ရွှေ့ပြောင်းခိုင်းခြင်း ကလေးစစ်သားများအရေးနှင့် လယ်ယာမြေများအဓမ္မသိမ်းယူသည့်ကိစ္စရပ်များအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် မြန်မာပြည်သူများရင်ဆိုင်နေရတယ်လို့ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်ကဆက်ပြောပါတယ်။

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိ စာကြည့်တိုက်များတွင် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းများထားရှိခြင်းအပြင် လူ့အခွင့်အရေးပညာပေးလုပ်ငန်းများ နိုင်ငံတဝန်းကျယ်ပြန့်စွာ လုပ်ဆောင်သင့်ကြောင်း သူကတိုက်တွန်းလိုက်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာစကားဝိုင်းတွင် ဦးဝင်းတင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကာ ရန်ကုန်တိုင်းရှိပါတီဝင် ၁၅၀ ကျော်တက်ရောက်လာပြီး ‘လူ့အခွင့်အရေးနှင့် ဥပဒေရေးရာ’ ခေါင်းစဉ်ဖြင့် ရောဝတီတိုင်း၊ စည်းရုံးရေးကော်မတီ ဦးဝင်းမြင့်နှင့် ‘လူ့အခွင့်အရေးနှင့် စည်းကမ်းထိန်းသိမ်းရေး’ ခေါင်းစဉ်ဖြင့် တနင်္သာရီတိုင်း စည်းရုံးရေးကော်တီဝင် ဦးလှမင်းက ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။

“တရားဥပဒေစိုးမိုးမှုမရှိရင် လူ့အခွင့်အရေးမရှိနိုင်ဘူး။ တရားဥပဒေစိုးမိုးရင် လူ့အခွင့်အရေးဆိုတာထွန်းကားလာတဲ့အကြောင်း ဦးဝင်းမြင့်ကရှင်းပြပါတယ်။ လူတယောက်ကိုဖမ်းဆီးချင်ရင် ဥပဒေလမ်းကြောင်းအရပြုလုပ်သင့်တယ်။ လူတယောက်အိမ်ကိုဝင်ရောက်ရှာဖွေချင်ရင်လည်း ရှာဖွေပုံစံနဲ့ရှာဖွေရမှာဖြစ်တဲ့အကြောင်းနဲ့ တရားဥပဒေမှာပြဋ္ဌာန်းသလို လူ့အခွင့်အရေးစာအုပ်ထဲမှာလည်း ပြဋ္ဌာန်းထားတယ်တဲ့” လို့ စကားဝိုင်းကိုတက်ရောက်ခဲ့သူ ပါတီဝင်လူငယ်တဦးက ပြန်ပြောပြပါတယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး စကားဝိုင်းတက်ရောက်လာသူပါတီများက မေးမြန်းကြရာတွင် ဦးဝင်းတင်အပြင် ရန်ကုန်တိုင်း အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ အမျိုးသမီးရေးရာခေါင်းဆောင်တဦးဖြစ်သူ ဒေါ်မေဝင်းမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးစောနိုင်းနိုင်းနှင့် ဦးကျော်မြင့်၊ ပါတီဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် မုံရွာအောင်ရှင်တို့က ပြန်လည်ဖြေကြားခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ချမှတ်ခဲ့ပြီး အဲဒီနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်


# To

AIR MAIL

PRINTED MATTER